မြဝတီ

နေ့စဉ်

အချိန်မီဖြန့်ချီ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၁)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့အခြေစိုက်တရုတ်သံရုံးက ဦးစီးကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကမ္ဘာ့အေးဘုရားလမ်းရှိအင်းလျားလိတ်ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုထုတ်ပြန်ကြေညာ** စာ - ၃ သို့

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်** စာ - ၁၂ သို့




MWD
ပီဒီယာစင်တာ

ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. Ph:09-680101166,01-4705990,01-4705991,01-4705992
https://www.facebook.com/Public Media Centre

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်)

## နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်(ရေ)

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့်တပ်မတော်သည် အစဉ်အလာကောင်း (၁၂)ရပ်နှင့်ပြည့်စုံသည့်တပ်မတော်ဖြစ်သည်။ တပ်မတော်ဟုဆိုရာတွင် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ကို စုပေါင်းခေါ်ဆိုခြင်းဖြစ်သည်။ တပ်မတော်တစ်ရပ်ခိုင်မာစွာရပ်တည်နေသည့်အတွက် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သလို ရရှိပြီးသားလွတ်လပ်ရေးကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနိုင်နေခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးမကြာမီ ပြည်တွင်းရောင်စုံသောင်းကျန်းမှုများနှင့်ဆိုးရွားစွာကြုံတွေ့ခဲ့ရစဉ်က တပ်မတော်သားတို့၏စွမ်းရည်သတ္တိမှာ ပြောင်မြောက်လွန်းလှသည်။ အဆိုပါစွမ်းဆောင်မှုတွင် တပ်မတော်(ရေ)၏စွမ်းဆောင်မှုများမှာလည်း သမိုင်းတွင်မှတ်တမ်းတင်နိုင်ခဲ့သည်။

တပ်မတော်(ရေ)၏စွမ်းဆောင်ချက်များအဖြစ် ၁၉၄၉ ခုနှစ် ဝက်ကော်တိုက်ပွဲတွင် ရေတပ်မတော်ဘိုဖာအမြောက်အဖွဲ့၏ "တံမြက်စည်းအမြောက်နှင့်ဝက်ကော်တိုက်ပွဲ" အကြောင်းသည်ထင်ရှားသည်။ ထိုတိုက်ပွဲတွင် ရန်ကုန်မြို့သို့ဝင်ရောက်လာသည့်သောင်းကျန်းသူများကို ချေမှုန်းနိုင်ခဲ့သည်။ ထို့အတူ မြစ်ဝကျွန်းပေါ်ဒေသ၌ အခြေပြုလှုပ်ရှားစိုးမိုးနေသောသောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းရာတွင် တပ်မတော်(ရေ)၏စွမ်းဆောင်မှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် ယနေ့အချိန်အထိ သောင်းကျန်းသူများကင်းစင်လျက်ရှိသည်။ တပ်မတော်(ရေ)၏အခြားသောစွမ်းဆောင်ချက်များမှာ အတိတ်ကာလမှသည် ယနေ့တိုင်များစွာရှိထားသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ စဉ်ဆက်မပြတ်လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်ရသောတာဝန်ဖြစ်သည့်အတွက် တပ်မတော်(ရေ)တွင် မျိုးဆက်သစ်များကိုမွေးထုတ်ကာ တပ်မတော်(ရေ)နှင့်သက်ဆိုင်သည့်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ယခုအခါ တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)တို့သည် သင်တန်းများပြီးမြောက်ခဲ့ပြီဖြစ်၍ သင်တန်းဆင်းအရာရှိငယ်များမှာ တပ်မတော်(ရေ)၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စွမ်းရည်ထက်မြက်သည့်ကာကွယ်ရေးအင်အားကို တည်ဆောက်လျက်ရှိရာတွင် တပ်မတော်(ရေ)ကိုလည်း နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့်တပ်မတော်(ရေ)အဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသောတိုက်ပွဲဝင်အသင့်ရေတပ်အဖြစ် တက်လှမ်းနိုင်ခဲ့ပြီးဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ်အဖြစ်သို့တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံက ပိုင်ဆိုင်ထားသောကမ်းရိုးတန်းများ၊ ပင်လယ်နယ်နိမိတ်များမှာကျယ်ဝန်းလှသည့်အတွက် တပ်မတော်(ရေ)ကို စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည် ထက်မြက်သောတပ်ဖွဲ့အဖြစ်တည်ဆောက်လျက်ရှိသည်။ ရေတပ်၏တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်ဟူသောဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်နိုင်ပြီဖြစ်သည်။ ခေတ်မီစစ်ရေယာဉ်ကြီးများကို တည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့်သမားရိုးကျမဟုတ်သောခြိမ်းခြောက်မှုများကို ကာကွယ်တားဆီးတိုက်ပွဲဝင်နိုင်ခြင်းဖြင့် နိုင်ငံ့ပိုင်နက်ပင်လယ်ပြင်ကိုကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တပ်မတော်(ရေ)၏ဆောင်ရွက်ချက်များနှင့်ပတ်သက်လာလျှင် ထူးခြားစွာတွေ့မြင်နိုင်သည်မှာ အဆင့်အတန်းမီစစ်ရေယာဉ်များကို စဉ်ဆက်မပြတ် တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်နိုင်ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းကြောင့် ယခင်ကပြည်ပမှဝယ်ယူဖြည့်တင်းမှုများကိုလျှော့ချနိုင်ခဲ့သည်။ "ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ" အဖြစ်တိုးတက်ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာသက်သာစေခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုတာဝန်များကို စဉ်ဆက်မပြတ်ထမ်းဆောင်လျက်ရှိရာ တပ်မတော်(ရေ)အနေဖြင့်လည်း အဆိုပါတာဝန်သုံးရပ်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

လေ့ကျင့်ရေးတာဝန်သည် တပ်မတော်သားအားလုံး စဉ်ဆက်မပြတ်လေ့ကျင့်နေရမည့်တာဝန်ဖြစ်သည်။ လေ့ကျင့်သားပြည့်ဝနေမှသာ မိမိတို့အားပေးအပ်သည့်အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ တပ်မတော်(ရေ)သည် စစ်ရေယာဉ်အသင့်၊ လက်နက်နှင့်လက်နက်စနစ်အသင့်၊ အရာရှိ၊ စစ်သည်အသင့် ဟူသောသင့်သုံးသင့်ဖြင့်ပြည့်စုံရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်ကဖွင့်လှစ်သင်ကြားလျက်ရှိသောသင်တန်းများမှာ တပ်မတော်(ရေ)၏စဉ်ဆက်မပြတ်အင်အားတောင့်တင်းရေးကို အထောက်အကူပြုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ဟောပြောပွဲ၊ ကဗျာရွတ်နှင့်ပုံပြင်ပြောပြိုင်ပွဲကျင်းပ

ပူတာအို ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ ကဗျာရွတ်နှင့်ပုံပြင်ပြောပြိုင်ပွဲကို ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းနှင့် ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက်မြို့မအခြေခံပညာအလယ်တန်းကျောင်း အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက ပြည်ထောင်စုနေ့အထိမ်းအမှတ်ဆိုင်ရာ ကဗျာများနှင့်ပုံပြင်များကို ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသား၊ ကျောင်းသူများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့်တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားသော လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု၊ ကလေးအလုပ်သမားပပျောက်ရေး၊ ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများ၊ မြန်မာ့လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ စသည့်အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်ကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြောင်း သိရသည်။

ဘုန်းလက်ရာသစ်

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅) ဖြင့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ကြေညာကြောင်းသိရသည်။ အဆိုပါ နည်းဥပဒေများတွင် အခန်း(၁၀) ခန်း၊ နည်းဥပဒေအပိုဒ်ပေါင်း (၅၉) ပိုဒ်၊ နောက်ဆက်တွဲပုံစံ (၁၂)ခုဖြင့် ဖော်ပြထားပြီး အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခန်း(၂)တွင် ပြည်သူ့စစ်မှုထမ်းရန် အသက်နှင့်ကာလတွက်ချက်ခြင်း၊ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် စာရင်းပြုစုခြင်းနှင့်မှတ်ပုံတင်ခြင်း၊ အခန်း(၅)တွင်ဆေးစစ်ခြင်းနှင့် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကိုလျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသောကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားခြင်း၊ အခန်း(၆)တွင် အမိန့်စာဆင့်ခေါ်ခြင်း၊ အခန်း(၇)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊ အခန်း(၈)တွင် ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များ၊ အခန်း(၉)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၁၀)တွင် အထွေထွေတို့ပါရှိကြောင်း သိရသည်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၉ ပါတီရှိပြီး၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀၊ စုစုပေါင်း ၆၉ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၁၅ | ၃၆၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၃၉၅၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၀၀ | ၂၉၄၅ | ၂၈၀၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၈၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဧ-၁၂၇ တွင် ပါတီရုံးချုပ်တည်ရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁-၁-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။


**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏ အလံပုံစံ**




**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရားဝင်ခရီးစဉ်သွားရောက်

နေပြည်တော် ဇန်နဝါရီ ၂၃

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာဟာဂျီအယ်ရီဝမ်ဘင်ပီဟင် ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဇန်နဝါရီလ ၂၂ ရက်မှ ၂၃ ရက်ထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ သံတမန်ရပ်ကွက်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာသံရုံးဆောက်လုပ်ရေးတည်နေရာသို့ သွားရောက်၍ လိုအပ်သည်များကို မှာကြားကာ အဆောက်အအုံအုတ်မြစ်သွန်းလောင်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်မြေ အပြန်အလှန်လဲလှယ်ရေးသဘောတူစာချုပ်အရ ရရှိထားသည့် မြေကွက်သုံးကွက်အနက်ကျန်ရှိသော သံတမန်လူနေရပ်ကွက်ရှိ သံရုံးပိုင်မြေကွက်(၂)ကွက်သို့သွားရောက်၍ မြန်မာသံရုံးဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်နိုင်မှုအခြေအနေကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံရုံး ဘန်ဒါဆရီဘီဂါဝန်မြို့၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ သံရုံးဝန်ထမ်းများကို တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင်အိမ်ရှင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး-၂ က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို Rumbia Restaurant ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး-၂ နှင့် ASSARRAA VIP Guest House Villa-2 ၌ တွေ့ဆုံဆွေးနွေးပြီး အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား Istana Nurul Iman နန်းတော်၌ ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးဆိုင်ရာ အစရှိသော ကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း အောင်မြင်စွာခင်းကျင်းပြသနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း အောင်မြင်စွာခင်းကျင်းပြသနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ရှင်သန်အားကောင်းလာစေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းနယ်ပယ်အလိုက်ထွက်ရှိသည့် ထုတ်ကုန်များ၊ စီးပွားရေးအရတွက်ခြေကိုက်မှုရှိသည့်ကုန်စည်များကို ပြည်တွင်းစားသုံးမှုဖူလုံစွာ ထုတ်လုပ်ခြင်းအပြင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရန်၊ ပို့ကုန်အမယ်သစ်များတင်ပို့နိုင်ရန်၊ ဈေးကွက်သစ်ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းကို ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသနိုင်ရေး သတ်မှတ်ထားသည့်အချိန်အတွင်း ပြင်ဆင်မှုများပြီးစီးအောင်ဆောင်ရွက်ရန်၊ အများပြည်သူစိတ်ဝင်စားမှုရှိအောင်နှင့် MSMEs လုပ်ငန်းရှင်များအတွက် လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်အောင် ခင်းကျင်းပြသသွားရန်ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ထားမည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ဝန်ကြီးဌာနကိုယ်စားပြု ပြခန်းဆောင် တည်ဆောက်ခြင်းနှင့် ခင်းကျင်းပြသမှုအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၂၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်း ရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏အလုပ်အဖွဲ့ခေါင်းဆောင်ပြည်သူ့ ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့်ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးညှိနှိုင်းခဲ့မှု အခြေအနေ၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အကြံပြု ချက်များအပေါ် လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များကိုပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှု ရရှိအောင် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ NCA ကို အခြေခံသည့်ငြိမ်းချမ်းရေးလုပ်ငန်း စဉ်ဖော်ဆောင်မှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ နှင့်လွှတ်လပ်ပြီးတရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာကိစ္စ ရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးကိုကိုကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုး သားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးပွဲကျင်းပသည့်ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ လက်ရှိနိုင်ငံရေး အခြေအနေ၊ နိုင်ငံရေးပါတီများ၏ အခန်း ကဏ္ဍအရေးပါမှုနှင့် NSPNC နှင့် နိုင်ငံရေး ပါတီများ ဆက်လက်ပူးပေါင်းဆောင်ရွက် နိုင်မည့်အခြေအနေများကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစု အဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့် အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်များ နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ သဘော ထားစုစည်းရရှိချက်များကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မည့် နှစ်ဖက်ထပ်မံ အဆိုပြုချက်များကို အပြန်အလှန်ဆွေးနွေး ညှိနှိုင်း၍ သဘောထားများရယူပြီး ဆွေးနွေး ပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇန်နဝါရီလ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## Polytechnic University (Kyaing Tong)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(ကျိုင်းတုံ)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်း ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Polytechnic University (Kyaing Tong) Faculty of Computing သို့ရောက်ရှိပြီး သင်ကြား သင်ယူဆောင်ရွက်နေသည့် စာသင်ခန်းများ နှင့် လက်တွေ့ခန်းများကိုလည်းကောင်း၊ ICT နည်းပညာများကိုအသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှုဆောင်ရွက် နေမှုကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူ ဆောင်ရွက်နေကြသော သုတေသန ပရောဂျက်များကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စု ဝန်ကြီးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ Polytechnic University (Kyaing Tong)နှင့်အစိုးရနည်းပညာအထက်တန်း ကျောင်း (ကျိုင်းတုံ)၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူး များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက Polytechnic University သည် ဘာသာရပ်နယ်ပယ် စုံလင်စွာပေါင်းစည်းပို့ချသည့် နေရာတစ်ခု ဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်း များကိုပါ ကျယ်ကျယ်ပြန့်ပြန့်လေ့လာ သင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက် သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခု ဖြစ်ပြီး ကျောင်းသားများ၏ အသက်မွေး ဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကို သင်ကြားပို့ချပေးရန်၊ ခေတ်မီ နည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးရန်၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များဆောင်ရွက်နိုင်သည့် အခွင့် အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိနိုင်သော အခွင့်အလမ်းများဖန်တီးပေး ရန်နှင့်လက်တွေ့ကျကျလေ့ကျင့်သင်ကြား မှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးရန် လိုအပ် ကြောင်းမှာကြားသည်။

ထို့နောက် Polytechnic University (Kyaing Tong) ရှိ သင်ကြားသင်ယူဆောင် ရွက်နေသည့် စာသင်ခန်းများ၊ လက်တွေ့ ခန်းများ၊ အလုပ်ရုံနှင့် ဘာသာရပ်ဌာန အလိုက် သင်ထောက်ကူပစ္စည်းများ စီစဉ် ထားရှိမှုများ၊ ဘောလုံးကွင်းတည်ဆောက် နေမှုနှင့်ကျောင်းသား၊ ကျောင်းသူများ၏ ခင်းကျင်းပြသထားသော ပရောဂျက်များ ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နွေစပါးသီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေး တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

ပွင့်ဖြူ ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်တောင်သူ အကျိုးဆောင်အသင်း(FFA)တို့ပူးပေါင်းပြီး နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မား စေရန်နှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုး နိုင်ရန် ရည်ရွယ်၍ တောင်သူပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၂ ရက်တွင် ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ်တောင်သူ အကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌ ဦးမြင့် အောင်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက် စေရေးအတွက် မြေဆီလွှာကောင်းမွန် ရေးနှင့်သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေးဆိုင်ရာများ၊ သဘာဝ မြေဩဇာနှင့်သဘာဝဆေးများ ပြုလုပ် သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးဟောပြော သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေနှင့် မုန်းသီတာမျိုးသန့်ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက နွေသီးနှံစိုက်ပျိုးရာသီ တွင် စပါးသီးနှံစိုက်ပျိုးစွမ်းအား တိုးတက် မြင့်မားရေးအတွက် အထွက်နှုန်းကောင်း သော မျိုးကောင်းမျိုးသန့်များရွေးချယ်၍ လျာထားစိုက်ကေပြည့်မီအောင် စိုက်ပျိုး ကြရန်၊ သီးနှံအထွက်နှုန်းတိုးတက်စေရေး စိုက်ပင်အရေအတွက်ပြည့်မီအောင် စိုက်ပျိုး ကြရန်၊ စိုက်ပျိုးရေးသွင်းအားစုများ မျှတစွာ သုံးစွဲပြီး ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဂရုတစိုက်ဆောင်ရွက် ကြရန် စသည့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြော သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများကစပါးသီးနှံစိုက်ပျိုးရာ တွင် အထွက်နှုန်းတိုးတက်ရေးနှင့် ပိုးမွှား ရောဂါမကျရောက်အောင် ကြိုတင် ကာကွယ်ရမည့် နည်းလမ်းများကို မေးမြန်း ဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**လှိုင်ဝင်းလေး**

## မိုးအနည်းငယ်ရွာနိုင်

၂၄-၁-၂၀၂၅

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်း ငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် ဇန်နဝါရီ ၂၃

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က နစ်နာကြေး၊ လျော်ကြေးပေးချေရန် တွက်ချက်တင်ပြလာသော လုပ်ငန်းကိစ္စရပ် တစ်ခုချင်းအလိုက် မြေယာ တန်ဖိုးသီးနှံတန်ဖိုးများ သင့်လျော် မှန်ကန်ခြင်းရှိ မရှိအသေးစိတ်စိစစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဘဏ္ဍာနှစ်အလိုက်လျော်ကြေး၊ နစ်နာကြေး ပေးလျော်မည့်အခြေအနေ၊ မြေယာပိုင်ဆိုင်သူတောင်သူလယ်သမားများ၊ သက်ဆိုင်သူများနှင့် သဘောတူညီစွာ ညှိနှိုင်းဆောင်ရွက်ထားမှုအခြေအနေတို့ကို နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက သေချာစွာစိစစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားကြသည့် တောင်သူလယ်သမားများနှင့် မြေယာပိုင်ဆိုင်သူများ နစ်နာမှုမရှိစေရေးအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အလျင်အမြန်ပေးလျော်နိုင်စေရေး ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သီးနှံလျော်ကြေးများ တွက်ချက်တင်ပြရာ၌ လယ်မြေတွင် ဥပဒေနှင့်အညီ စိုက်ပျိုးထားသည့်သီးနှံများနှင့်ယာမြေတွင် ဥပဒေနှင့်အညီ စိုက်ပျိုးထားသော စိုက်ပျိုးသီးနှံပင်များကိုသာ တိကျမှန်ကန်စွာ စာရင်းဇယားများတိမ်းစောင်းချွတ်ချော်မှုမရှိစေဘဲ စိစစ်တင်ပြရေးကို သက်ဆိုင်ရာဌာနများက ပူးပေါင်းကြပ်မတ်ပေးရန် တိုက်တွန်းလိုကြောင်း၊ တောင်သူများ မနစ်နာစေရန် အလေးထားဆောင်ရွက်သကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများဆုံးရှုံးမှုမရှိစေရန် သတိပြုရမည်ဖြစ်ကြောင်း။

အချို့သောဒေသများ၌ လယ်မြေပေါ်တွင် ဒေသနှင့်ကိုက်ညီသည့်ဝင်ငွေပိုမိုရရှိနိုင်သော သီးနှံ Cash Crop ပြောင်းလဲစိုက်ပျိုးခွင့်တင်ပြလာမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (က)အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်၍ ဒေသအတွင်း ဆန်စပါးဖူလုံမှုနှင့် ပတ်ဝန်းကျင် လယ်ယာမြေများကို ထိခိုက်နိုင်မှုမရှိပါက တောင်သူများအတွက် ဝင်ငွေပိုမိုရရှိနိုင်ရန် သီးနှံ Cash Crop ကို ပြောင်းလဲစိုက်ပျိုးခွင့်ပြုပေးနိုင်ရေး ထည့်သွင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက(၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်း ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ တက်ရောက်လာကြသူများက အကြောင်းအရာ တစ်ခုချင်းအပေါ် ဆွေးနွေးကြပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က နစ်နာကြေး၊ လျော်ကြေးပေးချေရန် တွက်ချက်တင်ပြလာသောလုပ်ငန်းများ၊ နိုင်ငံနှင့်အဝှမ်းလယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်တင်ပြလာသည့်ကိစ္စရပ်များကိုလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့်အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဘာသာရပ်ဆိုင်ရာ သိသင့်သိထိုက်သော အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များကို အမှန်တကယ်တတ်သိနားလည်အောင် ကြိုးစားသင်ယူကြရန် မှာကြားသည်။



ထို့နောက် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ တွဲဖက်ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဘာသာရပ်တစ်ခုချင်းစီကို လွှဲပြောင်းတာဝန်ယူမည့်သူများအား အရည်အချင်းရှိသူများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)စာသင်ခန်း၌ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)သို့သွားရောက်ကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများဖြစ်လာပါက စေတနာကိုအရင်းခံပြီး မိမိတို့၏ တပည့်များအပေါ် အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးနိုင်သော မြင့်မြတ်သည့် ဆရာများဖြစ်အောင် ကြိုးစားကြရန်နှင့် ကျောင်းသင်ခန်းစာများအပြင် ကိုယ်ကျင့်တရားအကျင့် စာရိတ္တကောင်းမွန်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပြီး ဆရာမိဘအပေါ် ဂါရဝတရားရှိသူများဖြစ်လာအောင် သင်ကြားပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အခြေခံမဲစာရင်းတွင် ပါဝင်ရမည့်လူဦးရေစာရင်းများပြုစုခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အခြေခံမဲစာရင်းတွင်ပါဝင်ရမည့် လူဦးရေစာရင်းများပြုစုခြင်းဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံ မှန်ကန်ရေးနှင့် မှားယွင်းမှုမရှိစေရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မဲစာရင်းများမှန်ကန်ရေးသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သဖြင့် မဲစာရင်းပြုစုရာတွင် ဥပဒေနှင့်အညီ မြေပြင်တွင် နေထိုင်သူများဖြစ်ကြသည့် နိုင်ငံသားစိစစ်ရေး လက်မှတ်တစ်ခုခု ကိုင်ဆောင်ထားရှိပြီး အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)တွင် ပါရှိသူများ၏ စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှရယူပြီး ထိုသူများသည် မြေပြင်တွင် အမှန်နေထိုင်မှုရှိ၊ မရှိ၊ သေဆုံး၊ ပျောက်ဆုံးနှင့် ပြောင်းဝင်၊ ပြောင်းထွက်သူများ၏စာရင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှရယူကာ မဲစာရင်းပြုစုရန်စီစဉ်ထားရှိကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကိုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိပ်စက်ခြင်းနှင့် ကျန်းမာရေး

အိပ်စက်ခြင်းသည် လူသားများ၌သာမက သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်နိုင်ရန် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အသက်ရှင်သန်မှုအတွက် ရေ၊ လေ၊ အစားအစာများကဲ့သို့ပင် မရှိမဖြစ်လိုအပ်သောကြောင့် လူသားများသည် မိမိသက်တမ်း၏သုံးပုံတစ်ပုံကို အိပ်စက်ကာကုန်ဆုံးကြခြင်းဖြင့် ဆက်လက်အသက်ရှင်ရပ်တည်နေနိုင်ကြသည်။ အိပ်စက်ခြင်းသည် သက်ရှိသတ္တဝါများ စိတ်ရောကိုယ်ပါကျန်းမာရေးအတွက် များစွာအထောက်အကူပြုသောကြောင့် အပြည့်အဝမအိပ်စက်နိုင်ခြင်း၊ အိပ်ချိန်လျော့နည်းခြင်းတို့သည် ကျန်းမာရေးကိုထိခိုက်စေနိုင်သည်။

**အိပ်စက်မှုကိုဖြစ်စေသော သဘာဝအကြောင်းရင်းများ**

အိပ်စက်ခြင်းကိုဖြစ်စေသော ဇီဝကမ္မအခြေအနေများကို လေ့လာကြည့်ရာတွင် ဦးနှောက်အတွင်းရှိ Adenosine ဓာတ်သဘာဝက ဦးနှောက်နိုးကြားတက်ကြွမှုကို မဖြစ်စေသော အာရုံကြောစနစ်ကို နှိုးဆွခြင်းဖြင့် အိပ်စက်မှုကိုဖြစ်စေသည်။ ထို့ပြင် ဦးနှောက်အစိတ်အပိုင်းတစ်ခုဖြစ်သော Hypothalamus ရှိ Suprachiasmatic အာရုံကြောဆဲလ်များကလည်း နေ့၊ ည/ အလင်းအမှောင်အလိုက် အိပ်စက်ခြင်း၊ နိုးကြားခြင်းကို ထိန်းညှိပေးကြသည်။ ဦးနှောက်ရှိ Pineal Gland မှထွက်လာသော Melatonin ဟော်မုန်းသည် ညနေအချိန်တွင် ပိုထွက်လာပြီး အိပ်စက်ခြင်းကို အားပေးကြောင်း တွေ့ရသည်။

**အိပ်စက်ခြင်း၏ သဘောသဘာဝနှင့် ခန္ဓာကိုယ်တွင်းပြောင်းလဲမှုများ**

အိပ်စက်ရာတွင် တစ်ဆက်တည်း အိပ်ပျော်သွားသည်ဟုထင်ရသော်လည်း အမှန်မှာ NREM (Non-Rapid Eye Movement) အိပ်စက်ခြင်းနှင့် REM (Rapid – Eye movement) အိပ်စက်ခြင်းတို့ ပုံမှန်လည်ပတ်ဖြစ်ပေါ်နေရသည်။ စတင်အိပ်ပျော်ချိန်မှ မိနစ် ၉၀-၁၂၀ အကြာတွင် အိပ်မှုစက်ဝန်း(Sleep cycle) တစ်ခုဖြစ်သွားပြီး တစ်ညလျှင် အိပ်မှုစက်ဝန်း ၄ – ၆ ကြိမ်မျှ ဖြတ်ကျော်နေကြရသည်။ အစောပိုင်းတွင် NREM Sleep ဖြစ်ချိန်ပိုများပြီး နောက်ပိုင်းစက်ဝန်းများတွင် REM sleep အချိန် ပိုကြာမြင့်လာသည်။

NREM sleep အချိန်သည် အိပ်ချိန်၏ ၇၅-၈၀ ရာခိုင်နှုန်းခန့်ရှိပြီး အဆင့်(၃)ဆင့်ကို ဖြတ်ကျော်ရသည်။ အဆင့်(၁)သည် နိုးတစ်ဝက်အိပ်ပျော်တစ်ဝက်ဖြစ်နေပြီး ၅ မိနစ်-၁၀ မိနစ်မျှ ကြာမြင့်သည်။ မျက်လုံးလှုပ်ရှားမှုနည်းလာကာ ခန္ဓာကိုယ်ကြွက်သားများ ပြေလျော့လာပြီး နှလုံးခုန်နှုန်းလည်း စတင်နှေးလာသည်။ ဒုတိယအဆင့်တွင် ခန္ဓာကိုယ်အပူချိန်ကျလာကာ နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်းများတဖြည်းဖြည်းပိုနှေးလာပြီး မျက်လုံးလှုပ်ရှားမှုလည်း မရှိတော့ပေ။ အဆင့်(၃)တွင် နှစ်ခြိုက်စွာအိပ်ပျော်နေပြီး ကြွက်သားများ ပို၍ပြေလျော့လာသည့်အပြင် အသက်ရှူနှုန်း၊ နှလုံးခုန်နှုန်းများ ပို၍နှေးလာသည်။ ထိုအဆင့်သည် ခန္ဓာကိုယ်ကြီးထွားရန်၊ ပြန်လည်ပြင်ဆင်ရန်နှင့် ကိုယ်ခံစွမ်းအားစနစ်ထူထောင်ရန် အရေးပါသောအဆင့်ဖြစ်သည်။ ကြွက်သားများ၌ သွေးလည်ပတ်မှုကောင်းစေပြီး ကြီးထွားမှုဟော်မုန်းများလည်း ထွက်ရှိစေသည်။ REM sleep အဆင့်တွင် အိပ်မက်မက်နေသောအချိန်ဖြစ်သောကြောင့် ကြွက်သားများ ဖြေလျော့နေသော်လည်း ဦးနှောက်မှာ ပြန်၍တက်ကြွလာကာ မျက်လုံးလှုပ်ရှားမှုများ မြန်လာသည်။ ထိုအချိန်တွင် နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်၊ အသက်ရှူနှုန်းများ အတက်အကျဖြစ်နေတတ်သည်။ ထိုအဆင့်သည် မှတ်ဉာဏ်များ အားကောင်းလာစေရေးနှင့် စိတ်ခံစားမှု၊ သင်ယူလေ့လာမှုတို့အတွက် အရေးပါကြောင်း တွေ့ရသည်။ ဦးနှောက်တွင်းလျှပ်စီးလှိုင်း (Brain wave) များကိုလေ့လာပါက နိုးနေစဉ် မြန်သော Beta wave များတွေ့ရပြီး အိပ်စမှစ၍ လှိုင်းကြိမ်နှုန်းများ တဖြည်းဖြည်းနှေးလာကာ နှစ်ခြိုက်စွာအိပ်ပျော်လာသည်နှင့်အမျှ Alpha wave မှ နှေးသော Theta wave၊ Delta wave များအဖြစ်ပြောင်းလဲလာသည်။ သို့ရာတွင် REM sleep အချိန်၌ ဦးနှောက်တက်ကြွမှုကိုပြသည့် wave များ ပြန်လည်တွေ့ရှိရသည်။ ခန္ဓာကိုယ်တက်ကြွလှုပ်ရှားမှုနှင့် ဆက်စပ်သော Cortisol ဟော်မုန်းသည် ညဦးတွင် လျော့နည်းလာပြီး အိပ်စက်အနားယူစေကာ အိပ်ရာမနိုးခင် ပြန်တက်လာပြီး လှုပ်ရှားသွားလာမှုကို အားပေးသည်။

**အိပ်စက်ခြင်း၏ ခန္ဓာကိုယ်အပေါ်အကျိုးပြုမှု**

လုံလောက်သောအိပ်စက်မှုသည် ကိုယ်ခံစွမ်းအားစနစ်ကို အားဖြည့်ပေးပြီး ရောဂါပိုးမွှားများအန္တရာယ်မှ ကာကွယ်ပေးသည်။ နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကို ကောင်းမွန်စေပြီး ခန္ဓာကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်များနှင့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းညှိပေးသည်။ ခန္ဓာကိုယ်တွင်း ပြန်လည်ပြင်ဆင်ကုသမှုကို ဆောင်ရွက်ပေးကာ ကြွက်သားများ၊ အရိုးများကို သန်မာစေနိုင်သည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာ ခိုင်မာလာစေပြီး စိတ်ခံစားမှုများကို ထိန်းချုပ်နိုင်ရုံသာမက စိတ်ဖိစီးမှုကို ခံနိုင်ရည်ရှိစေသည်။ လူမှုဆက်ဆံရေးလည်း ပိုမိုကောင်းမွန်လာသည့်အပြင် တွေးခေါ်မှု မှန်ကန်စေသောကြောင့် မှန်ကန်သော ဆုံးဖြတ်ချက်များ ချလာနိုင်သည်။ တီထွင်စမ်းသပ်လုပ်ကိုင်နိုင်ပြီး မှတ်ဉာဏ်၊ အာရုံစူးစိုက်မှု၊ စီမံခန့်ခွဲမှု၊ ပြဿနာများကိုဖြေရှင်းနိုင်မှု စသော ဦးနှောက်၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေသည်။

**အိပ်စက်ရန် ခက်ခဲသူများနှင့် အိပ်စက်ခြင်းဆိုင်ရာဝေဒနာများ**

လူတစ်ဦးအတွက် ပုံမှန်အိပ်ချိန်အနည်းဆုံး ၈ နာရီခန့် လိုအပ်သော်လည်း အသက်အရွယ်ငယ်ရွယ်သူ၊ ကလေးသူငယ်များတွင် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက် အိပ်ချိန်ပို၍ လိုအပ်သည်။ သက်ကြီးရွယ်အိုများတွင် အိပ်ချိန်နည်းလာပြီး နေ့နှင့်ညအိပ်ချိန်လွဲခြင်းများ ဖြစ်ပေါ်တတ်သည်။ အထူးသဖြင့် လေဖြတ်ရောဂါ၊ ပါကင်ဆန်ရောဂါ၊ သက်ကြီးသတိမေ့ရောဂါစသည့် ဦးနှောက်အာရုံကြောရောဂါဝေဒနာခံစားနေရသော လူကြီးများတွင် ညဘက်ကောင်းစွာအိပ်မပျော်ခြင်း၊ အိပ်မက်ဆိုးများမက်၍ ကယောင်ကတမ်းဖြစ်ခြင်း၊ နေ့ဘက်တွင် အိပ်ချိန်များ၍ အမြဲငိုက်မျဉ်းနေခြင်း စသော အိပ်စက်ခြင်းဆိုင်ရာ ဝေဒနာများခံစားကြရသည်။ ကျောင်းစာဖိစီးမှု၊ အလုပ်ခွင်ဖိစီးမှုများသော လူငယ်လူလတ်များ၊ ခန္ဓာကိုယ်ရောဂါဝေဒနာခံစားနေရသူများတွင် စအိပ်ရန်ခက်ခဲခြင်း၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်ခြင်း၊ မကြာခဏနိုးခြင်းများ ခံစားကြရသည်။ လည်ပင်းတိုသောကြောင့် ညဘက်ဟောက်၍ ခဏခဏအသက်ရှူရပ်တတ်သောသူများ (Obstructive Sleep Apnea)တွင်လည်း အိပ်ရေးကောင်းစွာမဝခြင်း၏ နောက်ဆက်တွဲလက္ခဏာများ ခံစားရနိုင်သည်။

**ကြာရှည်စွာ အိပ်ရေးပျက်ခြင်းကြောင့် ခန္ဓာကိုယ်၊ ဦးနှောက်စွမ်းရည်နှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ**

ညဘက်ကောင်းစွာ အိပ်မပျော်ခြင်း၊ အိပ်ရေးအပြည့်အဝမရခြင်းသည် စိတ်ရောကိုယ်ပါကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ညဘက်အိပ်ရေးပျက်ခြင်းကြောင့် နေ့ခင်းဘက်တွင် နုံးပြီး တက်ကြွမှုမရှိဘဲ လေးလံထိုင်းမှိုင်းနေတတ်သည်။ စိတ်ပူပန်မှုနှင့် စိတ်မငြိမ်မသက်ဖြစ်ကာ စိတ်တိုလွယ်ပြီး စိတ်ကျရောဂါများခံစားရနိုင်သည်။ စိတ်ခံစားလွယ်ပြီး စိတ်ဖိစီးမှုကို ခံနိုင်စွမ်းအားလျော့နည်းလာတတ်သည်။ အချိန်ကြာမြင့်စွာ အိပ်ရေးပျက်ခြင်းသည် ထင်ယောင်ထင်မှားဖြစ်ခြင်း၊ သံသယစိတ်များဝင်လာခြင်းမှသည် စိတ်ရောဂါဆိုင်ရာလက္ခဏာများပါ ခံစားရနိုင်သည်။ ထို့ပြင် လူမှုဆက်ဆံရေးအားနည်းလာပြီး မိသားစုနှင့် အလုပ်ခွင်တွင် အဆင်မပြေမှုများ ပို၍ တွေ့ကြုံနိုင်သည်။

ကိုယ်ခံစွမ်းအားစနစ်အားနည်းမှုကြောင့် ရောဂါပိုးများ အလွယ်တကူဝင်ရောက်နိုင်ပြီး ပိုးဝင်ရောင်ရမ်းမှုများအပြင် ကင်ဆာရောဂါများပင် ဖြစ်လွယ်ကြောင်း တွေ့ရသည်။ စိတ်ဖိစီးမှုနှင့်ဆိုင်သော Cortisol Hormone မြင့်တက်လာကာ ခန္ဓာကိုယ်တွင်း ဇီဝကမ္မဖောက်ပြန်မှုများဖြစ်စေသည်။ သကြားဓာတ်ချေဖျက်မှု ပြောင်းလဲခြင်း၊ Insulin ဟော်မုန်းကို ကောင်းစွာမတုံ့ပြန်ခြင်းတို့ကြောင့် ဆီးချိုရောဂါဖြစ်စေသည်။ အိပ်ရေးပျက်သူများတွင် စားသောက်ခြင်းပေါ်သက်ရောက်သော ဟော်မုန်းအပြောင်းအလဲကြောင့် ချိုသောအစားအစာများကို ရှာဖွေစားသောက်လာခြင်း၊ အစားများ ပိုစားခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန်တိုးလာတတ်သည်။ သွေးတွင်းအဆီနှင့် သကြားဓာတ်များလာကာ အဝလွန်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်သည်။ သွေးပေါင်ချိန်တက်၊ နှလုံးခုန်နှုန်းမြန်လာစေသောကြောင့် သွေးတိုး၊ နှလုံး၊ လေဖြတ်ရောဂါများ ခံစားရနိုင်စေသည်။ ခန္ဓာကိုယ်ကြီးထွားစေသော ဟော်မုန်း၊ မျိုးပွားမှုဆိုင်ရာ ဟော်မုန်းထုတ်လုပ်မှုနည်းလာခြင်းကြောင့် ကြွက်သားများကြီးထွားမှုလျော့နည်းစေသကဲ့သို့ မျိုးဆက်ပွားမှုလည်း အားနည်းလာစေသည်။ နာကျင်မှုဝေဒနာခံနိုင်ရည်စွမ်းအားလည်း နည်းလာသည့်အပြင် အရွယ်မတိုင်မီ သေဆုံးမှုအန္တရာယ် ပို၍ကြီးမားကြောင်းလည်း တွေ့ရသည်။

အိပ်ရေးဆက်တိုက်ပျက်ခြင်း၊ အိပ်ချိန်မပြည့်ခြင်းတို့ကြောင့် မှတ်ဉာဏ်စွမ်းအားကျဆင်းလာပြီး ဆုံးဖြတ်ချက်ချနိုင်စွမ်း၊ စီမံခန့်ခွဲလုပ်နိုင်စွမ်းများ၊ လေ့လာသင်ယူနိုင်စွမ်းများ လျော့နည်းလာသည်။ ထို့ပြင် သက်ကြီးသတိမေ့ရောဂါ(Alzheimer )နှင့် တုံ့တုန်နှေး၊ ပါကင်ဆန် (Parkinson) ရောဂါများသည် နာတာရှည်အိပ်ရေးပျက်ခြင်းများကြောင့် ဖြစ်နိုင်ကြောင်းတွေ့ရှိရသည်။ ညဖက်အလုပ်လုပ်ရသူများ၊ အိပ်ရေးဝဝမအိပ်ရသူများသည် နေ့ဘက်ငိုက်မျဉ်းတတ်မှုကြောင့် လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆမှုများဖြစ်နိုင်ပြီး ကားမောင်းရာတွင်လည်း ယာဉ်အန္တရာယ် တွေ့ကြုံနိုင်ခြေများသည်။

**ကောင်းစွာအိပ်ပျော်ရန် လိုက်နာဆောင်ရွက်သင့်သည်များ**

အိပ်စက်ခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများနှင့် လူမှုဒုက္ခများ မတွေ့ကြုံနိုင်စေရန် အိပ်ချိန်အပြည့်အဝရရှိအောင် အလေးထားဆောင်ရွက်သင့်သည်။ အိပ်ချိန်မထိခိုက်စေရန်အတွက် မိမိအလုပ်လုပ်ချိန်ကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်သည်။ ပုံမှန်အိပ်ရာဝင်၊ အိပ်ရာထသင့်ပြီး မအိပ်ခင် ကော်ဖီ၊ စိတ်ဓာတ်တက်ကြွစေသည့် အချိုရည်များသောက်သုံးခြင်းမပြုသင့်ပေ။ အိပ်ခါနီးမှ ထမင်းစားခြင်း၊ အစားများစွာ စားခြင်းသည် လှဲချိန်တွင် သက်သောင့်သက်သာမဖြစ်ဘဲ အိပ်ရခက်နိုင်သည်။ နေ့ခင်းဘက်တွင် အချိန်ကြာမြင့်စွာ အိပ်စက်ခြင်းက အိပ်ရေးဝနေသဖြင့် ညဘက်အိပ်မပျော်ဖြစ်နိုင်သည်။ ညအိပ်ခါနီး တရားနာ၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ သာယာဖွယ်တေးသီချင်းများ နားထောင်ခြင်းသည် စိတ်တည်ငြိမ်မှုရစေပြီး ကောင်းစွာအိပ်ပျော်စေသည်။ စိတ်ဖိစီးမှုဖြစ်စေသော အတွေးများ အိပ်ရာဝင်ခါနီးမတွေးဘဲ စိုးရိမ်ပူပန်စေမှုများကို တစ်ခုချင်းအခြေခံမှစ၍ အေးအေးဆေးဆေး စဉ်းစားဆုံးဖြတ်ဖြေရှင်းသင့်ပါသည်။

ထိုသို့ ဆောင်ရွက်သော်လည်း အိပ်ပျော်ရန်ခက်ခဲခြင်း၊ ညဘက်နှစ်ခြိုက်စွာ အိပ်မပျော်ခြင်း၊ အိပ်နေစဉ် ကယောင်ကတမ်းဖြစ်ခြင်း၊ နံနက်စောစောနိုးနေခြင်း၊ နေ့ဘက်အအိပ်များခြင်းများ ခံစားရပါက ဆေးပညာရှင်များနှင့် ပြသတိုင်ပင် ကုသသင့်သည်။ ညဘက် အသက်ရှူလမ်းကြောင်းပိတ်၍ ဟောက်ပြီး မကြာခဏအသက်ရှူရပ်တတ်သူများ၊ နာတာရှည် ဦးနှောက်အာရုံကြော ဝေဒနာခံစားနေရသူများ၊ ခန္ဓာကိုယ်တွင်းမကျန်းမာ၍ ကောင်းစွာအိပ်မပျော်သူများကို အိပ်ပျော်စေရန် အသုံးပြုသောဆေးဝါးများပေး၍ ကုသမှုအပြင် မူရင်းရောဂါဝေဒနာများကိုလည်း စနစ်တကျ ကုသမှုခံယူသင့်သည်။ အိပ်စက်ခြင်း၏ ကိုယ်၊ စိတ် ကျန်းမာရေးပေါ်သက်ရောက်မှုများကို သိရှိနားလည်ကာ အိပ်ချိန်အပြည့်အဝရစေရန်နှင့် ကောင်းမွန်စွာအိပ်ပျော်နိုင်စေရန် လိုက်နာရမည့်အချက်များကို အလေးထားလုပ်ဆောင်သင့်သည်။ စိတ်ပင်ပန်းနွမ်းနယ်မှုများကင်းဝေး၍ သက်ရှည်ကျန်းမာပျော်ရွှင်စွာနေနိုင်ရေးအတွက် လူတိုင်းကောင်းမွန်စွာ အိပ်စက်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းရင်း အိပ်စက်ခြင်း၏ ကျန်းမာရေးအပေါ် သက်ရောက်နိုင်မှုများအကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာဥမ္မာစော



## နှမ်းစပါးစိုက်တောင်သူများအား သွင်းအားစုများပေးအပ်



ဖြူး ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ လူငယ်အားမာန်သမဝါယမအသင်း အစည်းအဝေးခန်းမ၌ နှမ်းစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၃ ရက်တွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်က နှမ်းစပါးကေပြည့်မီစွာစိုက်ပျိုးနိုင်ရေး တက်ရောက်လာကြသောတောင်သူများအား ဆွေးနွေးပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး နှင့် တာဝန်ရှိသူများက ကျီးမနိုးကျေးရွာအုပ်စုနှင့် ချင်းခင်ကျေးရွာအုပ်စုတို့ရှိ နှမ်းစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၅၆၆ အိတ်ကို ပေးအပ်သည်။

အလားတူ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လူငယ်အားမာန်စိုက်ပျိုးရေးနှင့်သမဝါယမအသင်း၏ နှမ်းစပါးစိုက်ကေ ၁၂၅ ကေအတွက် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ညီမျှသောသွင်းအားစုများကို ဖြူးမြို့နယ်သမဝါယမဦးစီးဌာနက ပေးအပ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၂၅ (သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၆:၀၀ မျိုးချစ်တပ်မတော်
၉။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ ဂါရဝေါစ နိဝါတောစ**

## အောင်ပန်းတွေဝေ တပ်မတော်(ရေ)

* ရေပြင်ကျယ် ပင်လယ်စခန်းမှာ
တာဝန်ထမ်းတဲ့ စစ်သည်တော်တွေ
အောင်ပန်းတွေဝေ။
ကမ်းနှင့်ဝေးကွာနေ
ဆွေးဖြာပွေ ရင်ထဲမရှိ။
မုန်တိုင်းလေ လှိုင်းလေကြမ်းလို့
အခက်အခဲတွေ ဘယ်လိုဆန်းပေမယ့်
ရွှင်လန်းနေ၏။

* တို့မြန်ပြည် ကြာရှည်မြဲအောင်လို့
ဖွဲ့မာန်က တဝေဝေ
ပြည့်သိပ်လို့နေ။
တို့ပိုင်နက် ရေမြေလေ
ကာကွယ်နေ ပြုံးပျော်လျက်။
တပ်မတော်(ရေ) ဇာနည်ဖွားတို့
လှုပ်ရှားသွက်လက်။

* လေ့ကျင့်ရေးသည် စစ်ဆင်ရေး
သင်ကြားပေးလို့ ရည်သွေးပင်
ဂုဏ်မြင့်စေချင်။
စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာပညာရှင်
ကျွမ်းကျင်ကာ တာဝန်ထမ်းရေး။
တပ်မတော်(ရေ)သင်တန်းများ
ထူးခြားတယ်လေး။

* “မြန်မာ့ပင်လယ် ဒို့ကာကွယ်”
ဉာဏ်ရည်ကြွယ် အသိတိုးဖို့
ကြိုးစားလို့ နေလျက်သာ။
စစ်ရေယာဉ် တည်ဆောက်ပြု
အောင်မြင်မှုပါ။
တပ်မတော်(ရေ)ရဲ့ အတတ်ပညာ
ပြည်မြန်မာ ဂုဏ်မြင့်မား။
လှိုင်းနှင့်လေ သက်သေထားလို့
အားမာန်ဝင့်ကြွား။

* လှေခွက်ချည်းကျန် အလံမလှဲ
အားမာန်ဖွဲ့ သတ္တိတွေ။
အခက်အခဲကို ဖြတ်ကျော်လွှား
ဝင့်ကြွားလို့နေ။
အစဉ်အလာကောင်းတဲ့ တပ်မတော်(ရေ)
မျိုးဆက်တွေ အမွေပေး။
ပြည့်အရေး ရည်မျှော်လို့
နိုင်ငံတော်အလှ မယွင်းရအောင်
“သာလွန်မင်း” ပမာ အောင်ဇေယျတုနဲ့
ပင်လယ်ပြင်စိုးမိုးမှုကို
ဂုဏ်ပြုတယ်လေး။ ။

**အာကာမောင်မောင်**

## ပွင့်ဖြူမြို့နယ်၌ နေကြာသီးနှံ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်

ပွင့်ဖြူ ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာစိုက်ဧက ၁၂၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီစေရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးရာ ဇန်နဝါရီလ ၂၂ ရက်အထိ နေကြာသီးနှံ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ တိုးတက်ရေးနဲ့ အရည်အသွေးကောင်းမွန်စေရေးအတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ ဒီဒေသက စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် နေကြာသီးနှံစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ယခုနှစ်ဆောင်းရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ နေကြာစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသောသီးနှံများထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များမှန်ကန်ရေးနှင့် သွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြောင်းနှင့် ဒေသခံတောင်သူများကစားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ကြိုးပမ်းစိုက်ပျိုးခဲ့ရာ သတ်မှတ်လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ နေကြာသီးနှံ အပါအဝင် အခြားဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံအတွင်းဆီစားသုံးမှုဖူလုံစေပြီး ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ

နတ်မောက် ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် သွားရောက်ဖြန့်ဝေပေးသည်။

အဆိုပါလက်ကမ်းစာစောင်တွင် အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်၊ မူးယစ်ဆေးဝါးဆိုသည်မှာ၊ မီးရှို့ဖျက်ဆီး၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ပွားနိုင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ရေနံ့သာမောင်ကျော်ညွှန့်ရေးသားသည့် ရှောင်ဖယ်ဝေးဝေးမူးယစ်ဆေး(ကဗျာ)၊ အသိပညာပေးမှတ်တမ်းဓာတ်ပုံများနှင့် ကာတွန်းများဖြင့် ဖော်ပြပါရှိကြောင်းသိရသည်။ **လှဝင်း**

# မြန်မာ့ပင်လယ်ပြင်ကို ရှေ့တန်းကျကျကာကွယ်မည့် အဋ္ဌာဝါစစ်သည်များ၏စကားသံများ

**တပ်မတော်(ရေ)အနေဖြင့် ရေကြောင်းစွမ်းအားအခြေခံကျသည့် တပ်မတော်(ရေ)၏ ပွဲစင်တာဝန်ကျအရာရှိများ၊ စစ်ရေယာဉ်မှူးများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ရေယာဉ်ကိုင်တွယ်မောင်းနှင်ရေးလုပ်ငန်းများ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများတွင် အရည်အချင်းပြည့်ဝသော ရေကြောင်းအင်ဂျင်နီယာအရာရှိများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ တပ်မတော် (ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်း အမှတ်စဉ် (၈၄) နှင့် တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ် (၅၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၃ ရက်တွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ကျင်းပရာ မြန်မာ့ပင်လယ်ပြင်ကို ရှေ့တန်းကျကျကာကွယ်ကြမည့် အဋ္ဌာဝါစစ်သည်များနှင့် ၎င်းတို့ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးခဲ့သည့် တာဝန်ရှိသူများ၏စကားသံများကို ဖော်ပြလိုက်ပါသည်။**

### ဒုတိယဗိုလ်မှူးကြီးထက်ထက်ထွန်း (ဌာနမှူး၊ရေကြောင်းနှင့် ရေတပ်စစ်နည်းဗျူဟာသင်တန်းဌာန)

ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှာ အရာရှိ၊ စစ်သည်တွေကို ရေတပ်သားပညာရပ်၊ ရေကြောင်းလမ်းညွှန်ပညာရပ်၊ ရေတပ်စစ်နည်းဗျူဟာပညာရပ်၊ ရေတပ်လက်နက်နဲ့ ဆက်သွယ်ရေးပညာရပ်၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်တွေကို သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် သင်တန်းဌာနတွေက စာတွေ့ရော လက်တွေ့ပါ လေ့ကျင့်သင်ကြားပေးတဲ့အပြင် အရာရှိ၊ စစ်သည်တွေကို တိုက်ပွဲဝင်စိတ်ဓာတ်ရှိစေရေး၊ ရေတပ်ပညာကျွမ်းကျင်စေရေး၊ စစ်စည်းကမ်းကောင်းမွန်စေရေးနဲ့ အမိန့်နာခံတတ်စေရေး လေ့ကျင့်သင်ကြားပေးနေပါတယ်။ သင်တန်းဆင်းအရာရှိ၊ စစ်သည်တွေကိုတော့ ဌာနချုပ်ကွပ်ကဲမှုအောက်မှာရှိတဲ့ တပ်၊ စခန်း၊ ရေယာဉ်စုတွေ၊ ဗျူဟာစစ်ရေယာဉ်စုကွပ်ကဲမှုအောက်မှာရှိတဲ့ စစ်ရေယာဉ်တွေနဲ့ ပင်မတပ်တွေမှာ သင်ကြားတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေနဲ့အညီ တာဝန်ပေးအပ်ထမ်းဆောင်စေတာဖြစ်ပါတယ်။



ဒုတိယဗိုလ်မှူးကြီးထက်ထက်ထွန်း (ဌာနမှူး၊ရေကြောင်းနှင့် ရေတပ်စစ်နည်းဗျူဟာသင်တန်းဌာန)

သင်တန်းသားတွေအနေနဲ့ သင်ကြားပြီးတဲ့ဘာသာရပ်တွေ၊ သင်ခန်းစာတွေကို စာတွေ့၊ လက်တွေ့ပေါင်းစပ်လေ့ကျင့်နိုင်ဖို့နဲ့ ပင်လယ်ပြင်ရဲ့ သဘောသဘာဝတွေကို သိရှိဖို့အတွက် သင်တန်းမဖွင့်လှစ်မီ ရန်ကုန်-ဟိန်းဇဲ-ကျွန်းစု-ရန်ကုန်ခရီးစဉ်တွေကို ရက်သတ္တနှစ်ပတ် သွားရောက်စေခဲ့ပြီး ပင်လယ်ပြင်အတွေ့အကြုံတွေ ရရှိစေဖို့ လေ့ကျင့်ဆောင်ရွက်စေခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်မှာလည်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်စေခဲ့ပါတယ်။

သင်တန်းသားတွေအနေနဲ့ ဒီသင်တန်းပြီးရင် ဗျူဟာစစ်ရေယာဉ်စုတွေမှာရှိတဲ့ စစ်ရေယာဉ်တွေမှာ ပွဲစင်တာဝန်ကျအရာရှိအဖြစ် တစ်နှစ်တာလုပ်ငန်းခွင်လက်တွေ့လေ့လာသင်ကြားမှုတွေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

### ဒုတိယဗိုလ်မှူးကြီးဝင်းကိုလတ် (ဌာနမှူး၊ရေတပ်စက်မှုလက်မှု သင်တန်းဌာန)

ဌာနအနေနဲ့ ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှာ စက်မှုလက်မှုပိုင်းဆိုင်ရာတွေကို အဓိကထားပြီး ကြပ်မတ်သင်ကြားလေ့ကျင့်ပေးနေပါတယ်။ တပ်မတော်(ရေ) ရဲ့ အသင့်ဖြစ်မှုသုံးရပ်မှာ ရေတပ်သားအသင့်ဖြစ်မှုအပိုင်းကို ဦးစားပေးပြီး လေ့ကျင့်ပေးရပါတယ်။ အခြေခံရေတပ်သားအဆင့်ကနေ ဒုတိယဗိုလ်မှူးကြီးအဆင့်ထိ တာဝန်ယူသင်ကြားလေ့ကျင့်ပေးနေပါတယ်။ အဲဒီလေ့ကျင့်မှုက တစ်ဆင့် ကိုယ်ပိုင်စစ်ရေယာဉ်တွေ တည်ဆောက်နိုင်တဲ့ အင်ဂျင်နီယာကောင်းတွေ၊ ပြုပြင်ထိန်းသိမ်းနိုင်တဲ့ အင်ဂျင်နီယာကောင်းတွေ၊ စစ်ရေယာဉ်ကို ပင်လယ်ပြင်ရာသီဥတုအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးမှာ တိုက်ပွဲဝင်နိုင်အောင် ခုတ်မောင်းစေနိုင်မယ့်အင်ဂျင်နီယာတွေကို လေ့ကျင့်မွေးထုတ်ပေးနေပါတယ်။



ဒုတိယဗိုလ်မှူးကြီးဝင်းကိုလတ် (ဌာနမှူး၊ရေတပ်စက်မှုလက်မှု သင်တန်းဌာန)

သင်တန်းကာလအတွင်း ပင်လယ်ပြင်ထွက်မယ့်သင်္ဘောတွေမှာ အလျဉ်းသင့်ရင် သင့်သလို Sea Training အနေနဲ့ သွားရောက်လေ့ကျင့်ခြင်းတွေ ဆောင်ရွက်စေပါတယ်။ ဒါ့ပြင် စစ်ရေယာဉ်တွေ နှစ်နိုင်ငံနယ်နိမိတ် တိုက်ကင်းလှည့်ချိန်၊ နှစ်နိုင်ငံရေတပ်လေ့ကျင့်ခန်းတွေ ဆောင်ရွက်နေချိန်တွေမှာ တာဝန်တွေထမ်းဆောင်စေခြင်းဖြင့် အိမ်နီးချင်းနိုင်ငံတွေကိုလည်းရောက်ရှိပြီး မိမိတို့လေ့ကျင့်မှုအခြေအနေကို နှိုင်းယှဉ်ဆန်းစစ်နိုင်ခဲ့ပါတယ်။

သင်တန်းသားတွေကတော့ သင်တန်းဆင်းပြီးတစ်နှစ်မှာ ဗျူဟာစစ်ရေယာဉ်တွေကိုသွားပြီး တာဝန်ထမ်းဆောင်ကြရမှာဖြစ်ပြီး အဲဒီနောက်မှာ စစ်ဆေးရေးဘုတ်အဖွဲ့ ဖွဲ့စည်းစစ်ဆေးပြီး စစ်ရေယာဉ်တွေမှာ စက်မှုလက်မှုအရာရှိတွေအဖြစ် တာဝန်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

### ဗိုလ်ဟိန်းမင်းသန့် (အကောင်းဆုံးကျောင်းသားဆု)

ကျွန်တော့်အနေနဲ့ အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းကို တက်ရောက်သင်ကြားခဲ့ပါတယ်။ သင်တန်းကာလအတွင်း သင်ကြားပေးတဲ့ပညာရပ်တွေကို ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။



ဗိုလ်ဟိန်းမင်းသန့် (အကောင်းဆုံးကျောင်းသားဆု)

ဒါ့ပြင် မရှင်းလင်းတဲ့သင်ခန်းစာတွေကို နည်းပြတွေထံမေးမြန်းပြီး ကြိုးစားလေ့လာခဲ့ပါတယ်။ သင်တန်းကာလအတွင်းမှာ စာတွေ့၊ လက်တွေ့တွေကို ကြိုးစားဆောင်ရွက်ရသလို ခန္ဓာကိုယ်ကြံ့ခိုင်မှုလေ့ကျင့်ခန်းတွေနဲ့ စစ်စည်းကမ်းကောင်းမွန်အောင်လည်း လေ့ကျင့်ဆောင်ရွက်ခဲ့တဲ့အတွက် အကောင်းဆုံးသင်တန်းသားဆုကို ရရှိခဲ့ပါတယ်။ တပ်မတော်(ရေ) အတွက် အားထားရတဲ့အရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားမယ်လို့ ပြောကြားလိုပါတယ်။

### ဗိုလ်ဟိန်းထက်အောင် (ရေကြောင်းပညာစာပေထူးချွန်ဆု)

သင်တန်းကာလအတွင်း စာပေဘာသာရပ်အပြင် အရာရှိတိုင်း ရေကူးတတ်စေဖို့ ရေကူးအဆင့် (A) ရအောင် သင်ကြားလေ့ကျင့်ခဲ့ရပါတယ်။ ရေယာဉ်ကိုင်တွယ်မောင်းနှင်မှု တတ်မြောက်စေရေးအတွက် ရေယာဉ်ငယ်တွေကိုလည်း လက်တွေ့မောင်းနှင်လေ့ကျင့်ခဲ့ရပါတယ်။



ဗိုလ်ဟိန်းထက်အောင် (ရေကြောင်းပညာစာပေထူးချွန်ဆု)

ကျွန်တော့်အနေနဲ့ သင်တန်းကာလအတွင်း သင်ကြားပေးတဲ့ပညာရပ်တွေကို စာတွေ့၊ လက်တွေ့ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ နေ့စဉ် စာဖတ်ချိန်သတ်မှတ်ပြီး မပျက်မကွက် လေ့လာဖတ်ရှုခဲ့ပါတယ်။ ဘာသာရပ်နဲ့ သက်ဆိုင်တဲ့စာအုပ်တွေကို စာကြည့်တိုက်က ငှားရမ်းလေ့လာသလို Internet၊ Website တွေကနေလည်း ရှာဖွေလေ့လာခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက် နေ့စဉ်စာပေဖတ်ရှုလေ့လာကြိုးစားခဲ့တဲ့အတွက် ဒီဆုကို ရရှိခဲ့တာပါ။

သင်တန်းကာလအတွင်းမှာ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းသွားရောက်လေ့ကျင့်မှုကတော့ ပိုပြီးထူးခြားပါတယ်။ ဘာကြောင့်လဲဆိုရင် စစ်ရေယာဉ်တွေရဲ့ သဘောသဘာဝ၊ ပင်လယ်ပြင်ရဲ့အခြေအနေနဲ့ ရာသီဥတုရဲ့သဘောသဘာဝတွေကို နားလည်သဘောပေါက်ခွင့်ရတဲ့အတွက် အကျိုးရှိတဲ့လေ့ကျင့်ရေးခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။ တပ်မတော် (ရေ) အတွက် အားထားရတဲ့အရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားမှာပါ။

### ဗိုလ်စိုင်းမင်းသန့် (အကောင်းဆုံးကျောင်းသားဆု)

သင်တန်းတက်ရောက်နေတဲ့ ကာလအတွင်းမှာ စာတွေ့၊ လက်တွေ့သင်ခန်းစာတွေအပြင် ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် မနက်ခင်း PT လေ့ကျင့်ခန်းတွေ၊ ရေကူးလေ့ကျင့်ခန်းတွေကိုလည်း ကောင်းစွာလေ့ကျင့်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ပြင် လှေလှော်ရွက်တိုက်လေ့ကျင့်ခန်းတွေကိုလည်း လေ့ကျင့်ဆောင်ရွက်ခဲ့ပါတယ်။ ရေတပ်လေ့ကျင့်ရေးဌာနချုပ်က ချမှတ်ထားတဲ့စည်းကမ်းတွေအပြင် သင်တန်းဆိုင်ရာစည်းကမ်းတွေကိုလည်း အလေးထား လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် အကောင်းဆုံးသင်တန်းသားဆုကို ရရှိခဲ့ပါတယ်။



ဗိုလ်စိုင်းမင်းသန့် (အကောင်းဆုံးကျောင်းသားဆု)

တပ်မတော်(ရေ) အတွက် လိုအပ်တဲ့ သင်္ဘောတွေကို ဒီဇိုင်းရေးဆွဲပြီး တည်ဆောက်နိုင်မယ့် ရေတပ်အင်ဂျင်နီယာအရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ပြောကြားလိုပါတယ်။

### ဗိုလ်ဘုန်းမြင့်ကျော် (ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆု)

တပ်မတော်(ရေ)မှာ စက်မှုလက်မှုအရာရှိကောင်းတစ်ဦးအနေနဲ့ ရေရှည်တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် သင်တန်းကာလမှာ သင်ကြားပေးတဲ့စာတွေ့သင်ခန်းစာ၊ လက်တွေ့သင်ခန်းစာတွေအပြင် ပြင်ပက အကျိုးရှိမယ့်စာပေတွေကို လေ့လာခဲ့ပါတယ်။ ဒါ့ပြင် သင်တန်းဌာနနဲ့ ဌာနချုပ်မှာရှိတဲ့ စာကြည့်တိုက်တွေမှာလည်း စာအုပ်စာပေတွေ ဖတ်ရှုလေ့လာခဲ့တဲ့အပြင် ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်ခန်းတွေမှာလည်း သင်ကြားပေးတဲ့ သင်ခန်းစာတွေကို စာတွေ့၊ လက်တွေ့ ပေါင်းစပ်နိုင်အောင် ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ နားမလည်တဲ့သင်ခန်းစာတွေကိုလည်း သင်တန်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးတာ၊ နည်းပြတွေကို မေးမြန်းဆွေးနွေးတာတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုကို ရရှိခဲ့ပါတယ်။ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းတွေသွားရောက်မှုမှာဆိုရင် ပြည်တွင်းခရီးစဉ်တွေမှာ တပ်မတော်(ရေ) ကျွန်းစခန်းတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ ပြည်ပခရီးစဉ်တွေမှာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ရေတပ်ဆိုင်ရာသင်္ဘောတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ တပ်မတော်(ရေ) အတွက် အားထားရတဲ့ စက်မှုလက်မှုအရာရှိကောင်းတစ်ဦးဖြစ်အောင် ဆက်ပြီးကြိုးစားသွားမယ်လို့ ပြောကြားလိုပါတယ်။



ဗိုလ်ဘုန်းမြင့်ကျော် (ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆု)

**သတင်းအဖွဲ့(ရန်ကုန်)**



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄)မှ အကောင်းဆုံးကျောင်းသားဆုရရှိသူ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်အားဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄)မှ ရေကြောင်းပညာစာပေထူးချွန်ဆုရရှိသူ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ကျောဖုံးမှအဆက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်းချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအားအလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် စစ်ရေယာဉ်များက ရန်ကုန်မြစ်အတွင်းမှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ပုံပြချီတက်မောင်းနှင့်အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄)မှ အကောင်းဆုံးကျောင်းသားဆုရရေ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်နှင့် ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်တို့အားလည်းကောင်း ထူးချွန်ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈)မှ အကောင်းဆုံးကျောင်းသားဆုရရှိသူ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈)မှ ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရရှိသူ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ရေ) အတွက်သာမက နိုင်ငံတော်နှင့် တပ်မတော်အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ရေကြောင်းသွားလာရေးဆိုင်ရာပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့် လက်နက်စနစ်ဆိုင်ရာပညာရပ်များနှင့် ရေတပ်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာပညာရပ်များကို စာတွေ့သင်ကြားပေးခဲ့သည့်အပြင် ပင်လယ်ပြင် လက်တွေ့လေ့ကျင့်မှုများကိုလည်း စစ်ရေယာဉ်များတွင်တွဲဖက်၍ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ဘဝတစ်လျှောက်လုံးလေ့လာသင်ယူသွားရန်အထူးလိုအပ်ကြောင်း။

ခေါင်းဆောင်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်ချက်အတိုင်း မိမိအဖွဲ့အစည်းက အားကိုးရသော ခေါင်းဆောင်ကောင်းများဖြစ်စေရန်၊ မိမိအရည်အသွေးကိုတိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်၊ မှန်ကန်စွာခေါင်းဆောင်နိုင်ရေးအတွက်ခေတ်နှင့်အညီတိုးတက်ပြောင်းလဲလာသော အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင်တတ်မြောက်ပြည့်စုံရန် လိုအပ်သဖြင့် အလေးအနက်ထားလုပ်ဆောင်လိုက်နာရမည်ဖြစ်ကြောင်း၊ စည်းကမ်းအရာ၌ မိမိလက်အောက်ငယ်သားများကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရသကဲ့သို့ မိမိကိုယ်တိုင်ကလည်း စံနမူနာပြလိုက်နာစောင့်ထိန်းရန် လိုအပ်ကြောင်း၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မြော်မြင်နိုင်မှုနှင့် ဗဟုသုတကြွယ်ဝစေရန်အတွက်စာပေကောင်းများကို ဖတ်ရှုသွားရန်နှင့် Professional Skill အစဉ်မြင့်မားနေစေရေး လုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း အလေးထား ကျင့်ကြံလိုက်နာသွားရန် လိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒညွှန်ကြားချက်များအား စဉ်ဆက်မပြတ်လေ့လာရမည့်အပြင် အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရန် လေ့လာမှတ်သားနေရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အခမ်းအနားသို့တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အဏ္ဏဝါသီရိရိပ်သာ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် သင်တန်းဆင်းအရာရှိများနှင့်မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့နှင့် တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့မှတေးသီချင်းအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ဆေးကုသရန်လာရောက်သည့်ဒေသခံပြည်သူများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးဝေစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ပတုတ်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အခြေပြု၍ အဆိုပါကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၅၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၃ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား/မီးယပ်ရောဂါ၁၉ဦး၊ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ၈၁ ဦးနှင့်သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၁ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရှိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“ပေါင်၊ လည်ပင်းနဲ့ရင်ဘတ်ထဲစူးအောင့်လို့ လာပြီးပြတာပါ။ ဒီမှာတော်တော်ကောင်းတယ်ဆိုလို့ လာပြတာလည်းဖြစ်ပါတယ်။ ဘယ်လိုမျိုးခံစားရတာလဲဆိုတော့ တစ်ခါတစ်ခါကျပူတယ်။ နောက်ကျတော့လည်း ပျောက်သွားလိုက်ပေါ့။ ဘဲဥ၊ ကြက်ဥညှော်စော်ခံလို့မရဘူး။ ဘဲဥ၊ ကြက်ဥညှော်စော်ခံလိုက်တာနဲ့ တစ်ခါတည်း တင်းပြီးနာလာတာပဲ။ ကောင်းသွားတာ နှစ်နှစ်လောက်ရှိသွားတာကနေ အခုမှ ပြန်ဖြစ်လာတာကြောင့် လာပြတာပါ။ အခုလို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့လာပြီး ကုသပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်” ဟု ပြောသည်။

“ချောင်းဆိုးလို့လာပြတာပါ။ ချောင်းဆိုးတဲ့အခါ သလိပ်ထုတ်ဖို့ကိုတအားဆိုးရတာ။ လည်ချောင်းတွေယားတယ်။ အဲဒါကြောင့်လာပြတာပါ။ အခုလိုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တွေလာရောက်ကုပေးတဲ့အတွက် ငွေကြေးခက်ခဲတဲ့သူတွေအတွက် ပိုပြီးအဆင်ပြေတာပေါ့နော်။ ဆေးရုံဆေးခန်းသွားပြဖို့ဆိုတာ ခက်ခဲတယ်လေ။ အခုလိုလာရောက်ကုသပေးတဲ့အတွက်ကျေးဇူးအများကြီးတင်ပါတယ်။ ဆရာဝန်တွေကလည်း သဘောကောင်းပါတယ်။ ဆရာဝန်တွေက ရောဂါဖြစ်တာတွေနဲ့ပတ်သက်ပြီး သေသေချာချာမေးတယ်။ ဘာဖြစ်လို့လဲ၊ ဘယ်လိုကနေ ဘယ်လိုစဖြစ်တာလဲ၊ ဖြစ်တာကြာပြီလား စသည်ဖြင့်သေသေချာချာမေးပါတယ်။ စိတ်လည်းရှည်ကြပါတယ်။ လူနာတွေကိုလည်း ဂရုစိုက်ပြီးမေးပါတယ်။ ဆေးကိုလည်း သေချာသောက်ဖို့ ပြောလိုက်ပါတယ်။ ဘာကြောင့် ဘယ်လိုသောက်ရတယ်ဆိုတာကို သေချာရှင်းပြပေးပါတယ်။ အခုလိုလာရောက်ကုသပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ နောက်ထပ်နောက်ထပ်တွေမှာလည်း ဒီရွာကိုအကြိမ်ရေများများလေးလာပေးဖို့မျှော်လင့်ပါတယ်” ဟု ပြောသည်။







(၁၀၀)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၃

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ (မိုး/ဇလ)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)

ဘုန်းမောင်ဝင်း(ဖျာပုံ)

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်(ရေ)သည်လည်း တပ်မတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တပ်မတော်ဟုဆိုရာ၌ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေးတပ်ပေါင်းစုကိုခေါ်ဆိုခြင်းဖြစ်သည်။ ကြည်း၊ ရေ၊ လေတပ်များသည် နိုင်ငံတော်အတွက် သုံးနားညီတြိဂံပမာ ညီညွတ်စုစည်းစွာ ရပ်တည်လျက်ရှိသည်။ တပ်မတော်တစ်ရပ်၏ စွမ်းအားဆိုသည်မှာ လူ၊ လက်နက်၊ နည်းပညာတို့စုံလင်စွာရှိပြီး အသုံးပြုနိုင်ခြင်းဖြစ်သည်။ ခေတ်မီတန်ဖိုးကြီးသော စစ်လက်နက်ပစ္စည်းများကိုအသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးမပြုတတ်ပါက အကျိုးရှိမည်မဟုတ်ပေ။

ထို့ကြောင့် တပ်မတော်တွင် အဓိကတာဝန်ကြီးသုံးရပ်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသော တာဝန်ကြီးသုံးရပ်သတ်မှတ်ထားခြင်းဖြစ်သည်။ အဓိကအကျဆုံးသော တာဝန်သည် လေ့ကျင့်ရေးဖြစ်သည်ဟုဆိုနိုင်သည်။ လေ့ကျင့်မှုမရှိဘဲ မည်သည့်အရာမျှတတ်မြောက်လိမ့်မည်မဟုတ်ပေ။ လေ့ကျင့်ရေးသည် စစ်ဆင်ရေးဟူသော ဆောင်ပုဒ်ဖြစ်ပေါ်လာခဲ့သည်မှာသာဓကဖြစ်သည်။ တပ်မတော်သားတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ တပ်မတော်သို့ဝင်ရောက်လာသူတိုင်းသည် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားပြီးမှသာ တပ်မတော်သားအဖြစ်သို့ရောက်ရှိခြင်းဖြစ်သည်။

တပ်မတော်သို့ လေ့ကျင့်ရေးနှင့်စတင်ဝင်ရောက်ခဲ့ရသလို တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရသည်။ မိမိနိုင်ငံ၏မြေပြင်၊ ရေပြင်နှင့် ဝေဟင်ကို အစွမ်းထက်စွာကာကွယ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရသည်မှာ တာဝန်ကိုမြတ်နိုးတွယ်တာစိတ်ဖြစ်သည်။ ထိုသို့လေ့ကျင့်လျက်ရှိရာတွင်



မတူကွဲပြားသော သဘောသဘာဝများ ရှိကြသည်။ ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာလေ့ကျင့်ရေးသင်တန်းများကိုဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်ကပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ လူသားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်အမှာစကားပြောကြားရာ၌ **“စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့်လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၊ လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း”** ပြောကြားခဲ့သည်။

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့်မြှင့်တင်လျက်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဟူသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီး အရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ်ဟန်ချက်ညီတိုးတက်စေရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈) သင်တန်းများ သင်တန်းပြီးမြောက်ပြီဖြစ်သည်။ သင်တန်းသားများကို သင်တန်းကာလအတွင်း နိုင်ငံတကာရေတပ်စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့်လက်နက်စနစ်ပညာရပ်များ၊ ရေတပ်ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပညာရပ်များ၊ ရေတပ်စစ်ဆင်မှုပညာရပ်များ၊ ရေတပ်အုပ်ချုပ်ထောက်ပံ့မှုပညာရပ်များ၊ ရေကြောင်းစက်မှုလက်မှုပညာရပ်များ၊ ရေကြောင်းလျှပ်စစ်ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့် ရေယာဉ်တည်ဆောက်မှုပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြပြီးဖြစ်သည်။ စစ်ရေယာဉ်ကြီးများတွင် တွဲဖက်ပွဲစင်တာဝန်ကျအရာရှိနှင့် တွဲဖက်စက်မှုလက်မှု တာဝန်ကျအရာရှိများအဖြစ် လက်တွေ့လုပ်ငန်းခွင်တွင် ဆက်လက်လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင် လက်တွေ့လေ့ကျင့်မှုများပြီးမြောက်သွားသည့်အခါ အရည်အချင်းပြည့်မီသူများကိုသာ စစ်ရေယာဉ်များတွင်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထိုက်သင့်သည့်ပင်လယ်ပြင်လုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာသင်တန်းများကို ထပ်မံတက်ရောက်သင်ကြားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသောအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစုကို တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ရေ)သည် စစ်ရေယာဉ်များတည်ဆောက်ခြင်း၊ လူသားအရင်းအမြစ်များပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ဖရီးဂိတ်စစ်ရေယာဉ်ကြီးအမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာကို ဒီဇင်ဘာလ ၂၄ ရက်တွင် ကျင်းပခဲ့သည်မှာလည်း တပ်မတော်(ရေ)၏ အောင်မြင်မှုစွမ်းရည်ဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှသည် ယခုဖရီးဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ **“ရေတပ်၏တိုက်စွမ်းအားသည်စစ်ရေယာဉ်ဖြစ်သည်”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါစစ်ရေယာဉ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အထက်တွင်ဖော်ပြခဲ့သည့် သင်တန်းများကို ဖွင့်လှစ်နေခြင်းဖြစ်သည်။

တပ်မတော်(ရေ)နှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ၏ပိုင်နက်ရေပြင်မှာကျယ်ဝန်းပြီး ထိုပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရသည့်တာဝန်မှာကြီးမားလှသည်။ ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် မြန်မာ့ပင်လယ်ပြင်၌ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝအလှများဖြင့် ပြည့်နှက်လျက်ရှိသည်။ ထို့ပြင် မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့်ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ်နေရာတွင်လည်း တည်ရှိနေသည်။ မည်သည့်ရှုထောင့်ကကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် မြန်မာတို့ပိုင်ဆိုင်သော **“ရွှေနိုင်ငံ၏ရွှေပင်လယ်”** အစစ်ပင်ဖြစ်သည်။

ပြီးပြည့်စုံပြီးအဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက်တပ်မတော်(ရေ)ကိုခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်သည်။

**○ တပ်မတော်သို့ လေ့ကျင့်ရေးနှင့်စတင်ဝင်ရောက်ခဲ့ရသလို တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရ . . .**

**○ ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်ကပေးအပ်သောအမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ် . . .**

**○ ပြီးပြည့်စုံပြီးအဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ် . . .**

**စာမျက်နှာ ၁၄ သို့** ❖

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟိန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |
| (ခ) | ဦးကျော်ယဉ်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာရဲမြင့်<br>ဆေးရုံအုပ်ကြီး<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာခင်စောဦး<br>ပါမောက္ခ/ဌာနမှူး<br>ခန္ဓာသန်စွမ်းမှုနှင့်ကုသမှုပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# လယ်ဝေးမြို့နယ် ပျံချီကျေးရွာ "သီရိအလင်းရောင်" စာကြည့်တိုက်နှင့် ပန်းတင်ကျေးရွာ "ရွှေပန်းတင်"စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၃

နေပြည်တော် လယ်ဝေးမြို့နယ် ပျံချီကျေးရွာ "သီရိအလင်းရောင်"စာကြည့်တိုက်နှင့် ပန်းတင်ကျေးရွာ "ရွှေပန်းတင်" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ စာကြည့်တိုက်မျက်နှာစာများ၌ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ "သီရိအလင်းရောင်"နှင့် "ရွှေပန်းတင်" စာကြည့်တိုက်အဆောက်အအုံသစ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်နှင့် ကျေးရွာရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB–T2 Set Top Box တစ်စုံစီကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်းပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထိန်းသိမ်းထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်က "စာထဲကအရသာ"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၀ ကို ကျောင်းတာဝန်ခံဆရာမဒေါ်စန္ဒာသန်းထံလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်များနှင့်အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဦးအောင်လွင်ထံလည်းကောင်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ **စာမျက်နှာ ၁၃ မှအဆက်**

တပ်မတော်(ရေ)ကိုတည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကို သိမြင်သည့်အတွက် တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုပံ့ပိုးဖြည့်ဆည်းပေးခဲ့သောကြောင့် **"ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ (Buyer to Builder)"** အဖြစ် တစ်မုဟုတ်ချင်းပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့သည်။ အမြော်အမြင်မှ နည်းလမ်း၊ နည်းလမ်းမှ လက်တွေ့၊ လက်တွေ့မှအောင်မြင်မှုသို့လှမ်းတက်နိုင်ခဲ့သည်မှာ တပ်မတော်(ရေ)၏ စွမ်းအားများပင်ဖြစ်သည်။

တပ်မတော်(ရေ)၏ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင်မူတည်သည်။ တပ်မတော်(ရေ)အနေဖြင့် ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဟူ၍ နယ်ပယ်(၄)ရပ်လုံးတွင် ကွက်ပြည့်နင်းစစ်ဆင်နိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပင်လယ်ပြင်မှ ကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ပင်လယ်ပြင်သယံဇာတများကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ ရေတပ်အင်အားကို တိုက်ခိုက်ရေးအင်အားအဖြစ်အသုံးချနိုင်ရန် စစ်ရေယာဉ်အသင့်၊ လက်နက်နှင့် လက်နက်စနစ်အသင့်၊ အရာရှိ၊ စစ်သည်အသင့်ဟူသော အသင့်(၃)ရပ်ဖြင့်ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံနှင့်လူမျိုး ကောင်းကျိုးအတွက်ဖြစ်သည်။

တပ်မတော်(ရေ)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကဏ္ဍကြီး(၄)ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ စာနာကူညီပေးရေးကဏ္ဍ၊ သံတမန်ရေးကဏ္ဍတို့အနက် စစ်ရေးကဏ္ဍကို ထိရောက်စွာဆောင်ရွက်နိုင်ရန် **"အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဟူသည့် **"မြဲသုံးမြဲ"** ကိုလက်ကိုင်ထားကာ **"လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်သို့ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိသည်။

အနှစ်ချုပ်ဆိုရသော် တပ်မတော်(ရေ)က မွေးထုတ်ပေးခဲ့သော တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းများ အောင်မြင်စွာပြီးမြောက်ခြင်းကိုဂုဏ်ပြုပါကြောင်းနှင့် တပ်မတော်(ရေ)အနေဖြင့် **"မြန်မာ့ပင်လယ်ဒို့ကာကွယ်"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပင်လယ်ပြင်ကို ထာဝစဉ်စောင့်ရှောက်ကာကွယ်နိုင်ပါစေကြောင်း **"စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)"** အဖြစ် ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

# ဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံပါဠိတော် အင်္ဂလိပ်ဘာသာပြန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၃

ပိဋကသုံးပုံပါဠိတော် ခုနစ်ကျမ်းအား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ(တိုးချဲ့ရုံးသစ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ မော်ကွန်းထိန်းဆရာတော်များနှင့် ပါမောက္ခ/ ဌာနမှူးဆရာတော်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခဆရာတော်များ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်မှ မဟာဌာနမှူးဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများ၊ ပညာရှင်ဆရာကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာတော်ဆိုင်ရာများကို ဆွေးနွေးလျှောက်ထားပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိဋကသုံးပုံအင်္ဂလိပ်ဘာသာပြန်ဆိုဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားတင်ပြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့်ဆရာတော်များက ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာတွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်တရားဒေသနာတော်များ ချွတ်ချော်တိမ်းစောင်းမှုမရှိစေရေး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခင်ဘာသာပြန် ဆောင်ရွက်လျက်ရှိသည့် ပညာရှင်များ၏ အတွေ့အကြုံအကြံဉာဏ်များ၊ နည်းလမ်း၊ စည်းမျဉ်း၊ စည်းကမ်းများကို နည်းနာယူ၍ သာသနာတော်အတွက် တက်ညီလက်ညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတည်းဖြတ်ရာတွင် မြန်မာဘာသာပြန်အပြင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကိုပါ ဆက်စပ်တွေးခေါ်သုံးသပ်ပြီး ဘာသာပြန်ဆိုရသည့်အတွက် တာဝန်ကြီးမားသော်လည်း မွန်မြတ်သည့် လုပ်ငန်းဖြစ်ကြောင်း၊ ထေရဝါဒငါးနိုင်ငံတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံဖြစ်သည့်အားလျော်စွာ ယခုဆောင်ရွက်သည့် အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းကို ကမ္ဘာ့အဆင့်အတန်းမီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိစစ်တည်းဖြတ်ပြီး စာအုပ်များကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗုဒ္ဓတက္ကသိုလ်များနှင့်စာကြည့်တိုက်များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း မိန့်ကြားကြသည်။

ဆက်လက်၍ ပိဋကတ်ဘာသာပြန်စာတည်းအဖွဲ့ခေါင်းဆောင် ဆရာကြီး ဦးအောင်သိန်းညွန့်နှင့်အဖွဲ့ဝင် ဆရာကြီး ဦးလှသိန်းထွဋ်တို့က ပိဋကသုံးပုံပါဠိတော်ကျမ်းများ အင်္ဂလိပ်ဘာသာပြန်ဆိုမှုများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးလျှောက်ထားပြီး တက္ကသိုလ်လေးခုတို့မှ ပါဠိတော် ခုနစ်ကျမ်းအား အင်္ဂလိပ်ဘာသာပြန်ဆိုနိုင်ရန် ကျမ်းအလိုက် အသီးသီးတာဝန်ခွဲဝေယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်များအတွက် ကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းလေးစုံကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပိဋကသုံးပုံပါဠိတော် ၅၃ ကျမ်းတွင် ဘာသာပြန်ဆိုစိစစ်ပြီးသော ကျမ်း ၃၅ ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် စာအုပ် ၃၆ အုပ်ထုတ်ဝေရန် စီစဉ်လျက်ရှိပြီး ပညာရှင်ဆရာကြီး၊ ဆရာမကြီးများက တည်းဖြတ်နေဆဲကျမ်း ၁၁ ကျမ်း၊ အင်္ဂလိပ်ဘာသာသို့ မပြန်ဆိုရသေးသည့် ကျမ်း ခုနစ်ကျမ်းရှိကြောင်းသိရသည်။

(သတင်းစဉ်)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး"ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး (၁)စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ၂ နှစ်၊ ၆ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၉ လက်မ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၇၄ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"သည်ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့်ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပုဗ္ဗသီရိမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်အတွင်း ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် တောကက်ထိန်ကျေးရွာအေးချမ်းသာယာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ တောင်သူ ဦးရန်နိုင်ဦး၏ ရေဆင်း(၁)ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ သမဝါယမအသင်းသားများ၊ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများအနေဖြင့် သမဝါယမအသင်းမှ စိုက်ပျိုးထားသောဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသောနေကြာများကို သမဝါယမအသင်းပိုင်ဆီစက်များမှ ပွဲစားမလိုဘဲ တိုက်ရိုက်ဝယ်ယူကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် တစ်ဦးချင်းဆောင်ရွက်ခြင်းမပြုဘဲအမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ စိတ်တူကိုယ်တူဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများစုဖွဲ့လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်**

နေပြည်တော် ဇန်နဝါရီ ၂၃

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ma Jia နှင့်တာဝန်ရှိသူများက တရုတ်ရိုးရာပစ္စည်းများပြသထားသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

❍ **ရှေ့ဖုံးမှအဆက်**

သံအမတ်ကြီး H.E. Ma Jia နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် တရုတ်ရိုးရာပစ္စည်းများ ပြသထားသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားကို တရုတ်ရိုးရာ ခြင်္သေ့တိုင်အက၊ ခြင်္သေ့နဂါးအကတို့ဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး တင်အောင်စန်းက နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား တည်ထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် သက်တမ်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း။

ရေမြေတောတောင်များ ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား ရှေးပဝေသဏီကတည်းက ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးထားရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးခေတ်သစ်တွင် နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော်ညီရင်းအစ်ကိုစိတ်ဓာတ်ကိုအခြေခံပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်မှုများဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို “ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး” အဆင့်အထိ တိုးမြှင့်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တရုတ်နိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်တွင် မြန်မာ-တရုတ် အေးအတူပူအမျှအသိုက်အဝန်းစိတ်ဓာတ်ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစရှိသည့် ကဏ္ဍများတွင်အကူအညီများကို အစဉ်တစိုက်ပေးအပ်လျက်ရှိသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အကူအညီများ ပေးအပ်လျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းကပါ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ်အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ ဤနေရာတွင် တရုတ်နိုင်ငံ၏ နားလည်မှုနှင့် အကူအညီပေးမှုကို များစွာတန်ဖိုးထားပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံအကြားရှိသည့် ပြည်သူများအားလုံး မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာကျော်ဖြတ်နိုင်ပြီး နှစ်နိုင်ငံအကြားအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ma Jia က တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma Jia က ၂၀၂၅ ခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း(၇၅)နှစ်မြောက်ဖြစ်ပြီး တရုတ်ပြက္ခဒိန်၏ မြွေနှစ်လည်းဖြစ်ပါကြောင်း၊ တရုတ်ရိုးရာယဉ်ကျေးမှုတွင် မြွေထွက်ပေါ်လာခြင်း၏အဓိပ္ပာယ်မှာ အသက်ရှည်ခြင်း၊ ချမ်းသာခြင်းနှင့် ကံကောင်းခြင်းပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓဆီမီးထွန်းလင်းတောက်သောနှစ်ဟုလည်းခေါ်ဆိုပါကြောင်း၊ တရုတ် - မြန်မာနှစ်နိုင်ငံပြည်သူများ၏ အကျိုးပြုမှုများစွာကို ဆောင်ကြဉ်းပေးကာ တရုတ်-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေမည်ဟုမျှော်လင့်မိပါကြောင်းနှင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအခွန့်ရှည်တည်တံ့ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ရိုးရာယဉ်ကျေးမှုတူရိယာဖျော်ဖြေမှုများ၊ အကအလှများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေးဗိုင်းရပ်၊ ချီကန်ဂန်းယားဗိုင်းရပ်နှင့် ဇီကာဗိုင်းရပ်များ၏ မျိုးကွဲများပျံ့နှံ့ပုံနှင့် မျိုးရိုးဗီဇပြောင်းလဲပုံ၊ အဆိုပါဗိုင်းရပ်များကြောင့် လူ့ခန္ဓာကိုယ်မှထွက်ပေါ်လာသော ကိုယ်ခံအားစနစ်နှင့် လတ်တလောတွေ့ရှိချက်များကို ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအားမျှဝေပေးရန်ရည်ရွယ်၍ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်ရောဂါများ၏ ဗိုင်းရပ်ပိုးရှင်များက "မြန်မာနိုင်ငံနှင့် အခြားသောအာရှနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော သွေးလွန်တုပ်ကွေးဗိုင်းရပ်၊ ချီကန်ဂန်းယားဗိုင်းရပ်နှင့် ဇီကာဗိုင်းရပ်ကူးစက်ရောဂါများ"၊ "ကူးစက်နိုင်သောအမှုန့်လုံးများကို အသုံးပြု၍ သွေးလွန်တုပ်ကွေး ပဋိပစ္စည်းတုံ့ပြန်မှုကို မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေးသွေးနမူနာများတွင်ဖော်ထုတ်ခြင်း"၊ "၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေး သံသယလူနာများတွင် ချီကန်ဂန်းယားဗိုင်းရပ်များကို မော်လီကျူးနည်းပညာဖြင့်ရှာဖွေ၍ အမျိုးအစားခွဲခြားခြင်း" ၊"၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေး သံသယလူနာများတွင် ဇီကာဗိုင်းရပ်ဖြစ်ပွားမှုနှုန်းကိုလေ့လာခြင်း" စသည့်အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

ဖျားနာသောလူနာများတွင် တွေ့ရှိရသော သွေးလွန်တုပ်ကွေး ဗိုင်းရပ်ပိုးမျိုးကွဲများနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့် အတူတွဲဖက်တွေ့ရှိခဲ့သောရောဂါများ"၊ "ဆေးသုတေသနဦးစီးဌာနနှင့်နာဂါဆာကီတက္ကသိုလ်၊ ဂျပန်နိုင်ငံနှင့် မန္တလေးမြို့တို့၌ ၂၀၀၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ခြင်မှတစ်ဆင့်ကူးစက်တတ်သောဗိုင်းရပ်ရောဂါများအပေါ် ဆောင်ရွက်ခဲ့သည့်သုတေသနများ၏ရလဒ်များ" စသည့်အကြောင်းအရာများကိုလည်းဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ အထွေထွေသမားတော်နှင့် ဘွဲ့လွန်သင်တန်းသားများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှ အဏုဇီဝဗေဒအတိုင်ပင်ခံဆရာဝန်၊ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့



ဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုများကို မီးမောင်းထိုးပြခြင်း" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်တို့မှ ပညာထို့အတူ " မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေးလူနာများ၏ ရောဂါဆိုင်ရာ၊ ဗိုင်းရပ်ဗေဒဆိုင်ရာ၊ ကိုယ်ခံအားဆိုင်ရာလက္ခဏာများ"၊ "၂၀၁၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဆေးရုံကြီးမှ အဏုဇီဝဗေဒဆိုင်ရာအတိုင်ပင်ခံဆရာဝန်ကြီးတို့က သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြကြောင်း သိရသည်။ **(သတင်းစဉ်)**




# နောင်တရားဒေသ ထီရယ်ကျေးရွာ၌ ကြက်သွန်ဖြူ စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

နောင်တရား ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသ ထီရယ်ကျေးရွာ၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နောင်တရားဒေသ၌ ဆောင်းရာသီတွင် ကြက်သွန်ဖြူ၊ ဆီမုန်ညင်း၊ ဆီနေကြာစသည့် ဆောင်းသီးနှံများကို စိုက်ပျိုးကြသည်။

"ဒီနှစ် ဆောင်းအအေးဓာတ်ဝင်တာစောတော့ ကြက်သွန်ဖြူတွေ အထွက်နှုန်းကောင်းတယ်။ ကြက်သွန်ဖြူ မျိုးအရွယ်အစား၊ သဘာဝမြေဆွေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စတဲ့စိုက်ပျိုးရေးသွင်းအားစုတွေကို နည်းစနစ်မှန်မှန်နဲ့ စိုက်ပျိုးကြတာကြောင့်လည်းဖြစ်ပါတယ်"ဟု ထီရယ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

နောင်တရားဒေသ၌ ဆောင်းကြက်သွန်ဖြူကို ဘီလူးချောင်း၊ နောင်တရားချောင်းပတ်ဝန်းကျင်နှင့် မြေအောက်ရေတို့ကိုအသုံးပြု၍ စိုက်ပျိုးကြကြောင်း၊ ကြက်သွန်ဖြူကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးကြပြီး ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးသည့်ကာလကို ရှေ့တိုး၊ နောက်ဆုတ် စိုက်ပျိုးကြကြောင်း သိရသည်။

"ကြက်သွန်ဖြူတော့ မပေါ်သေးဘူး။ အရွယ်အစားပေါ်မူတည်ပြီး ဈေးအမျိုးမျိုးရှိပါတယ်။ ဒီနှစ်မှာ ကြက်သွန်ဖြူ စိုက်ပျိုးကေတိုးလာပါတယ်။ ကြက်သွန်ဖြူက ဈေးကွက်အတွင်း ရာသီမရွေးရောင်းလို့ရတဲ့အတွက် စိုက်ပျိုးရေးတောင်သူတွေက ကြက်သွန်ဖြူကို ပိုပြီးစိတ်ဝင်စားကြပါတယ်"ဟု နောင်တရားမြို့မှ ကြက်သွန်ဖြူအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

အဆိုပါ ကြက်သွန်ဖြူစိုက်ခင်းများထွက်ရှိချိန်တွင် တောင်သူများနှင့် သီးနှံမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေရရှိမှုအဆင်ပြေလာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ( ၁၈ ) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ဘာသာရပ်အလိုက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာဘွဲ့ရ ၂၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး ၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ရ ခုနစ်ဦး၊ ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်အင်ဂျင်နီယာဘွဲ့ရ ၃၂ ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ရ ၁၅ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ရ ၃၉ ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ရ တစ်ဦး ၊ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု ၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၅၈ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၂၃၅ ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်နှင့် ဒီပလိုမာဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၅ ခုနှစ် အထိ ဘွဲ့နှင်းသဘင်အခမ်းအနားကို ( ၁၈ ) ကြိမ်ကျင်းပခဲ့ရာ ရေကြောင်း




ဘက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ ၃၄၆၂ ဦးနှင့် သိပ္ပံဂုဏ်ထူးနှင့်သိပ္ပံဘွဲ့ရ ၁၂၁၉ ဦး ၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၂၄၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူ ၁၁ ဦးနှင့် မဟာဘွဲ့ရရှိသူ ၂၂ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၅၉၆၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နံနက်စောစောအိပ်ရာထသူသည် လန်းဆန်းတက်ကြွသောခံစားမှုကိုရရှိနိုင်သည်။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Phaungpyin Township finishes cultivation of more than 2,000 acres of sunflower



PHAUNGPYIN January 23

The statistics of Mawlaik District mentioned that a total of 2,006 acres of croplands have been placed under sunflower in Phaungpyin Township of Sagaing Region this year.

Starting from October last year, local farmers have been growing sunflower on 2,006 acres of croplands against the target of 2,436 acres of land.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department commented: "Local authorities set a plan to grow 2,436 acres of sunflower in Phaungpyin Township but farmers planted 2,006 acres of sunflower. They are striving for meeting the target cultivation. Cultivation of sunflower aims to reduce import volume of palm oil abroad. Sunflower produces larger volume of oil than that of groundnut and sesame. Local farmers prefer to grow sunflower in cold season rather than monsoon."

Officials of Phaungpyin Township Agriculture Department conduct training courses for local farmers and agricultural staff to enhance their capacity of growing sunflower without any difficulties.

Moreover, the department arranges provision of quality seeds of sunflower to local farmers and sale of urea fertilizers at fair prices. Moreover, arrangements are being made to exchange quality seeds of sunflower among farmers. **SMK**

# Myinmu Township cultivates over 19,000 acres of rain-fed sesame



MYINMU January 23

A total of 19,053 acres of rain-fed sesame planted this year in the rainy season in Myinmu Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing District Department of Agriculture.

During the 2024-2025 rain crops planting season, 19,053 acres of sesame seeds were planted in Myinmu Township, and the sesame plantations have been harvested since August of last year, yielding 18 baskets per acre.

"The yield is good. We have been able to expand the acreage of sesame cultivation, have good yield, and have worked to cultivate with the GAP system," said Daw Thida Lwin, head of the Department of Agriculture for Sagaing District Department of Agriculture.

The township Department of Agriculture has given knowledge to the farmers growing sesame in Myinmu Township to expand sesame cultivation, to use cultivation methods, to make cultivation with GAP methods, and to plant pure varieties with good yield. **SMK**

# More than 20,000 acres of canola and niger planted in Kawlin District

KAWLIN January 23

A total of 23,823 acres of canola and niger have been planted in Kawlin District of Sagaing Region, according to the Kawlin District Agriculture Department.

Local authorities earmarked cultivation of 24,940 acres of canola and niger in the district in cold season in 2024-2025 season but local farmers have so far planted 23,823 acres of these crops against the target cultivation.

U Win Thein, Head of Kawlin District Agriculture Department said: "Local farmers plant canola and niger yearly. They extract canola and niger oil from the crops as well as produce traditional medicines. This year, Kawlin District earmarked more than 24,000 acres of canola and niger but farmers have planted more than 23,000 acres of crops so far. They are trying hard to meet the target cultivation."

This year, Kawlin Township planted 15 acres of canola and 14,593 acres of niger, Wuntho Township 334 acres of canola and 1,828 acres of niger and Pinlebu Township 370 acres of canola and 5,583 acres of niger, totalling 23,823 acres.

In 2024-2025 cold season, local authorities earmarked cultivation of 15 acres of canola and 16,567 acres of niger in Kawlin Township, 350 acres of canola and 1,826 acres of niger in Wuntho Township and 440 acres of canola and 5,742 acres of niger in Pinlebu Township, totalling 24,940 acres. In Sagaing Region, Katha and Kawlin township grow the largest acreage of canola and niger. **SK**

# More than 28,000 acres of chickpea grown in ChaungU Township

CHAUNGU January 23

ChaungU Township Agriculture Department stated that a total of 28,402 acres of croplands were placed under chickpea in ChaungU Township of Sagaing Region.

Local farmers started cultivation of chickpea on 28,402 acres of land in ChaungU Township in October last year against the target of 28,630 acres of land.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department, said: "Local authorities earmarked 28,630 acres of chickpea in the township but farmers have planted 28,402 acres of crops against the target. They are trying hard to meet the target cultivation. Sown acreage of chickpea is on the rise yearly. Our department provides quality seeds, inputs and post-harvest technology for local farmers."

Local farmers choose Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than Ks-300,000 per acre of growing chickpea.

This year, departmental officials cooperate with local farmers in growing chickpea with high yield strains of crops, agricultural inputs and other assistance in addition to trichoderma to boost per-acre yield of crop.

Sagaing Region operates the largest sown acreage of pulses and beans, and local farmers grow beans as cash crops. **SK**

# State Administration Council

# Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Farmers harvest more than 26,000 acres of peanut in Myinmu Township

MYINMU January 23

According to the statistics of Sagaing District Agriculture Department, a total of 26,243 acres of peanut has been harvested in Myinmu Township of Sagaing Region.

Local farmers planted 26,243 acres of peanut in monsoon season in Myinmu Township. They started harvesting of crops in August. So far, they have harvested 26,243 acres of peanut, yielding 52.95 baskets of peanut per acre.

Daw Thida Lwin, Head of Sagaing District Agriculture Department, said: "Local farmers planted 26,243 acres of peanut in Myinmu Township this winter. So far, they have harvested all sown acreage of peanut. Oil crops thrived in the region. Sown acreage of peanut is on the rise yearly."

Farmers used 1.5 baskets of peanut seeds per acre and cost more than Ks-200,000 per acre of growing the crops for quality seeds, labour charge, fertilizers and pesticides. It yields more than 50 baskets of peanut per acre.

This year, officials of the Township Agriculture Department carried out recording the activities of prevention of pests, and weeding of plantations.

**SMK**

# Taze Township finishes cultivation of more than 1,000 acres of winter green gram

TAZE January 23

According to the statistics of YeU District Agriculture Department, a total of 1,425 acres of green gram has been planted in Taze Township of Sagaing Region this winter.

Local farmers started cultivation of green gram on 1,425 acres of croplands in Taze Township against the target of 4,891 acres of crops in winter of 2024-2025.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "Authorities earmarked more than 4,000 acres of green gram this cold season but local farmers have so far planted more than 1,000 acres of crop against the target cultivation. We raise farmer awareness for expansion of sown acreage of green gram with the use of quality strains of crops."

This year, Township Agriculture Department helps local farmers to use quality strains of crops, correct agricultural techniques, prevent pests and systematically broadcast fertilizers and pests for boosting per-acre yield of crops.

This year, the township Agriculture Department cooperates with local farmers in boosting per- acre yield of crops by providing quality seeds, inputs and post-harvest technology. **SMK**

# More than 500 acres of vegetables planted in Kyunhla Township

KYUNHLA January 23

Local farmers have planted 561 acres of vegetables as cold season crops in Kyunhla Township of Sagaing Region, according to the statistics of Kyunhla Township Agriculture Department.

In 2024-2025 cold season, local authorities set a plan to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of vegetables against the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, disclosed: "This year, we earmark to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, ladyfinger, cauliflowers and Chinese cabbage as well as cannabis. We share agricultural techniques with local farmers to grow crops in GAP system. Only when they grow crops in GAPs will vegetables be healthy for public consumption with least chemical residue."

Township Agriculture Department conduct training courses for local farmers and staff from the department to enhance their capacity for growing vegetable crops to be able to produce healthy crops for public consumption and expand sown acreage of crops.

Local farmers earn increased incomes from their vegetable plantations which are thriving in the township. Officials of the Township Agriculture Department disseminate techniques about making natural fertilizers and pesticides as well as ways of preventing pests.

**SK**

# China launches new satellite group




A satellite group is launched aboard a modified Long March-6 carrier rocket from the Taiyuan Satellite Launch Center in north China's Shanxi Province, January 23, 2025.

TAIYUAN January 23

China sent a new satellite group into space on Thursday from the Taiyuan Satellite Launch Center in north China's Shanxi Province.

This group of 18 satellites, which is the sixth batch that will constitute the Spacesail Constellation, was launched at 1:15 p.m. (Beijing Time) aboard a modified Long March-6 carrier rocket and entered its preset orbit successfully.

The launch marks the 557th flight mission of the Long March carrier rocket series.

Developed by Shanghai Academy of Spaceflight Technology, the rocket was fueled with liquid oxygen and kerosene propellant, which is non-toxic and pollution-free. It has a carrying capacity of 6.5 tons for 500-km sun-synchronous orbit.

In 2025, the rocket model will have an intensive space launch schedule, with plans for over 10 missions, according to the rocket maker.

Spacesail is a Chinese commercial low-orbit satellite megaconstellation. It began commercial network construction on August 6, 2024.

**Xinhua**

# Russia ready for equal dialogue with U.S.: Kremlin

MOSCOW January 23

Russia is open to equal dialogue with the United States and is waiting for a signal from Washington, Kremlin Spokesman Dmitry Peskov said on Thursday.

In a post on Truth Social Wednesday, U.S. President Donald Trump said he does not want to hurt Russia, and called for an immediate end to the Ukraine crisis.

Trump said he would impose new sanctions and taxes on all Russian goods if he couldn't reach a deal with Russia.

Asked about Trump's comments, Peskov said "We are closely monitoring all the rhetoric, all the statements."

"We remain ready for dialogue, as President Vladimir Putin has repeatedly said," he said, adding that Moscow is anticipating potential dialogue to be equal and mutually respectful.

Peskov also said Russia was still waiting for signals from the U.S. side. **Xinhua**

# Turkish Airlines resumes flights to Damascus after 13-year suspension

DAMASCUS January 23

A Turkish Airlines passenger jet carrying Syrian passengers landed at Damascus International Airport on Thursday for the first time in 13 years, state news agency SANA reported.

In a press conference at the airport, Syrian Assistant Minister of Foreign Affairs and Expatriates for Humanitarian Affairs Ahmad Dukhan applauded the resumption of flights, thanking "the Turkish government and people for standing by the Syrian people."

Dukhan underscored the "deep roots" of the bilateral relationship, calling the return of direct flights "the beginning of renewed cooperation" and a ray of hope for Syrians abroad hoping to return to their country with dignity.

Turkish Airlines Director General Bilal Akshi said the move would serve the interests of Syria, its people, and the region.

Turkish Deputy Foreign Minister Nuh Yilmaz, also on board the flight, hailed the development as "a historic moment," saying the restored air link will reconnect Damascus to the rest of the world.

**Xinhua**




Turkish Airlines resumes flights to Damascus after 13-year suspension.

# India train accident death toll rises to 13

NEW DELHI January 23

The death toll in the train accident in the western Indian state of Maharashtra has risen to 13, police said Thursday.

According to police, 15 people were injured in the accident, 10 of whom are still in the hospitals.

Of the 13 killed in the accident, police so far have been able to identify only eight.

The accident occurred Wednesday evening after some passengers disembarked from a train following an alarm chain-pulling incident. They were later run over by another train in Pachora of Jalgaon District, about 425 km northeast of Mumbai, the capital city of Maharashtra. Preliminary investigations carried out by the police said that someone had pulled the train's alarm chain, causing it to come to a halt. Fearing a fire inside the train, many passengers deboarded onto the adjacent tracks, but were mowed down by another passing train.

Maharashtra Chief Minister Devendra Fadnavis expressed grief over the deaths in the accident and announced financial assistance for the victims. **Xinhua**

# Pakistan confirms 1st polio case of 2025

ISLAMABAD January 23

The National Institute of Health (NIH) of Pakistan has confirmed the 1st wild poliovirus type 1 (WPV1) case of 2025.

An NIH official told Xinhua on Thursday that the Regional Reference Laboratory for Polio Eradication at the institute reported the case on Wednesday.

The Laboratory said that the case had been detected in the northwest province of Khyber Pakhtunkhwa's Dera Isamil Khan District, which reported 11 polio cases in 2024.

A total of 73 cases were reported in Pakistan last year, with 27 from Balochistan Province, 22 from Khyber Pakhtunkhwa, 22 from Sindh Province, and one each from Punjab Province and the capital Islamabad.


The Pakistan Polio Program conducted multiple mass vaccination drives last year, bringing the vaccine to children under the age of five at their doorsteps.

The official added that the government has planned to hold the 1st nationwide polio vaccination campaign of 2025 next month. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Nuclear fusion breakthrough: China’s ‘artificial sun’ reactor sets a new world record by generating a steady loop of plasma for 1,066 seconds - taking the world closer towards limitless clean energy




If we want to rely on nuclear fusion to power the world's homes, the first step is making reactors that can run as hot and as long as possible.

Now, China's 'artificial sun' reactor – officially called 'Experimental Advanced Superconducting Tokamak' (EAST) – has set a new world record, bringing the goal of limitless clean energy ever closer.

The reactor, located in Hefei in Anhui province, generated a steady loop of plasma for 1,066 seconds at 180million°F (100million°C) – seven times hotter than the sun's core.

It surpasses the previous world record of 403 seconds, also set by EAST in 2023.

EAST could be a precursor to the first ever fusion power plants that supply power directly to the grid and electricity to people's homes.

These power plants could reduce greenhouse gas emissions from the power-generation sector by diverting away from the use of fossil fuels like coal and gas.

Fusion differs from fission (the technique currently used in nuclear power plants), because the former fuses two atomic nuclei instead of splitting one (fission).

Unlike fission, fusion carries no risk of catastrophic nuclear accidents – like that seen in Fukushima in Japan in 2011 – and produces far less radioactive waste than current power plants, its exponents say.

China's 'artificial sun' is operated by the Institute of Plasma Physics (ASIPP) at Hefei Institutes of Physical Science on behalf of the Chinese Academy of Sciences.

The new world record, achieved on Monday, marks a critical step toward a functional fusion reactor, according to ASIPP director Professor Song Yuntao.

'A fusion device must achieve stable operation at high efficiency for thousands of seconds to enable the self-sustaining circulation of plasma, which is essential for the continuous power generation of future fusion plants,' he said.

Global scientists have worked for more than 70 years on trying to achieve this feat, according to a release from State Council Information Office, central propaganda department of the ruling Chinese Communist Party.

Gong Xianzu, head of the division of EAST physics and experimental operations, said they have upgraded several EAST systems since the last round of experiments.



For example, the heating system, which previously operated at the equivalent of nearly 70,000 household microwave ovens, has now doubled its power output.

'The ultimate goal of an artificial sun is to create nuclear fusion like the sun, providing humanity with an endless, clean energy source,' the release says.

Fusion – generally considered the holy grail of energy – could also enable 'space exploration beyond the solar system', by providing rockets with more powerful propulsion systems.

At the heart of EAST and other fusion reactors around the world is a tokamak, a doughnut-shaped device initially conceptualised in the 1950s by Soviet physicists.

Inside, under the influence of extreme heat and pressure, gaseous hydrogen fuel becomes a plasma – a hot, electrically charged gas.

Plasma is often referred to as the fourth state of matter after solid, liquid and gas, and comprises over 99 per cent of the visible universe, including most of our sun.

In the tokamak, the plasma is trapped and pressurised by magnetic fields until the energised plasma particles start to collide.

As the particles fuse into helium, they release enormous amounts of energy, mimicking the process that occurs naturally in the centre of stars like our sun.

The only by-products of fusion reactions are small amounts of helium, an inert gas which can be safely released without harming the environment.

As a result, fusion reactors have long been touted as the best clean energy source – although the Bulletin of the Atomic Scientists claims they are 'far from perfect'.

As yet, the energy input required to produce the temperatures and pressures that enable significant fusion reactions in hydrogen isotopes don't justify the fusion energy that's actually being generated, the nonprofit organization points out.

It's worth bearing in mind that EAST, as the name suggests, is China's 'experimental' reactor project – and may yet pave the way for the first nuclear fusion power plants.

Chinese experts say: 'The mission of the EAST project is to develop an advanced fully superconducting tokamak so as to establish solid scientific and technological bases for the future continuous operation of tokamak fusion devices.'

Of course there are already nuclear power plants around the world, but they use nuclear fission, which has the disadvantage of generating unstable nuclei, some of which are radioactive for millions of years.

Fusion, on the other hand, does not create any long-lived radioactive nuclear waste but instead helium, which is an inert gas.

Fusion fuel is made up of deuterium and tritium, which are isotopes of hydrogen, the most abundant element in the universe, giving scientists hopes of 'unlimited energy'.

The Chinese team plan to use the nuclear fusion reactor in collaboration with scientists in France working on the International Thermonuclear Experimental Reactor (ITER).

The Provence-based ITER project is expected to begin delivering power in 2035, and will become the world's biggest reactor once completed.

**Mail Online**

# Science and Technology

နိုင်အောင်

## Yangwang U9 sports supercar သို့မဟုတ် အတားအဆီးများ၊ ချိုင့်များကို ခုန်ကျော်မောင်းနှင်နိုင်သည့် BYD ကုမ္ပဏီ၏ ပထမဆုံးသောစူပါပြိုင်ကား



Yangwang U9 စူပါပြိုင်ကား

တရုတ်ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် BYD မှထုတ်လုပ်ထားသည့် Yangwang U9 စူပါပြိုင်ကားသည် တရုတ်နိုင်ငံရှိ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး နောက်ငါးလအတွင်း အစီးပေါင်း ၁၀၀ ရောင်းချခဲ့ပြီးဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်သည်။

အဆိုပါ Yangwang U9 စူပါပြိုင်ကားသည် BYD ကုမ္ပဏီမှ ပထမဆုံးထုတ်လုပ်ခဲ့သည့်ပြိုင်ကားဖြစ်ပြီး ကမ္ဘာ့ပထမဆုံး အဆင့်မြင့် ဟိုက်ဒရောလစ်စနစ် ကားကိုယ်ထည်ထိန်းချုပ်မှုနည်းပညာ တပ်ဆင်ထားသည့် ပြိုင်ကားလည်းဖြစ်သည်။

Yangwang U9 လျှပ်စစ်ပြိုင်ကားသည် တရုတ်ဈေးကွက်အတွင်းသို့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် စက်တင်ဘာလတွင် ၁၆ စီး၊ အောက်တိုဘာလတွင် ၁၇ စီး၊ နိုဝင်ဘာလတွင် ၂၄ စီးနှင့် ဒီဇင်ဘာလတွင် ၂၄ စီးရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း BYD ကုမ္ပဏီက ဇန်နဝါရီလ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ကားတွင် အလိုအလျောက် ထိန်းချုပ်မောင်းနှင်နိုင်သည့် နည်းပညာ တပ်ဆင်ထားပြီး တစ်နာရီလျှင် ၇၅ မိုင်နီးပါးမောင်းနှင်နိုင်သည့်အပြင် မောင်းနှင်နေစဉ် လမ်းခရီးတွင်အတားအဆီးများ၊ ချိုင့်များနှင့်တွေ့ကြုံရပါက ၎င်းအတားအဆီးနှင့်ချိုင့်များကို ခုန်ကျော်၍မောင်းနှင်နိုင်သည်။ ထို့ပြင် ကားတွင် ၃၆၀ ဒီဂရီ ပတ်လည်ကြည့်ရှုနိုင်သည့် ကင်မရာ၊ အာရုံခံစနစ်၊ ရေဒါနှင့် အင်တာနက်ချိတ်ဆက်မှုများကိုပါ တပ်ဆင်ထားသည်။

Yangwang U9 လျှပ်စစ်ပြိုင်ကားတစ်စီး၏ ဈေးနှုန်းမှာ တရုတ်ဈေးကွက်တွင် ယွမ် ၁ ဒသမ ၆၈ သန်း (ဒေါ်လာ ၂၂၉၇၀၀ ခန့်) ရှိပြီး ဓိမ်ခံလျှပ်စစ်ကားထုတ်လုပ်မှုတွင် Tesla ကုမ္ပဏီအား ယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းသည့် BYD ၏ ဆန်းသစ်မှုတစ်ရပ်ဖြစ်လာခဲ့သည်။

N.A

## တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချောက်ကမ်းပါးပေါ်ရှိ ကမ္ဘာ့အမြင့်ဆုံးဟွာကျန်း တံတားကြီးအား ဆက်သွယ်ပြီးဖြစ်

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ ကမ္ဘာ့အမြင့်ဆုံး ဟွာကျန်းချောက်ကမ်းပါးပေါ်မှ တံတားကြီးအား ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆက်သွယ်ပြီးဖြစ်သည်။

အဆိုပါတံတားကြီးသည် အမြင့် ၆၂၅ မီတာ၊ အရှည် ၁၄၂၀ မီတာရှိပြီး ၎င်းတံတား၏ အစိတ်အပိုင်းများကို ဇန်နဝါရီလ ၁၇ ရက်က အပြီးသတ်ဆက်သွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဟွာကျန်းချောက်ကမ်းပါးပေါ်မှတံတားကြီးသည် ယခင်က ကမ္ဘာ့အမြင့်ဆုံးအဖြစ်သတ်မှတ်ခံထားရသည့် ပေပန်ကျန်းတံတားကို ကျော်ဖြတ်၍ ကမ္ဘာ့အမြင့်ဆုံးတံတားကြီးဖြစ်လာခြင်းဖြစ်သည်။

ပေပန်ကျန်းတံတားသည် အမြင့် ၅၆၅ မီတာရှိပြီး ကွဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့နှင့် ယူနန်ပြည်နယ် ရွှေလီ (ရွှီလီ)မြို့တို့အားဆက်သွယ်ပေးထားသည့်တံတားဖြစ်သည်။

N.A




ကမ္ဘာ့အမြင့်ဆုံး ဟွာကျန်းတံတားကြီး

## Apple နှင့် တရုတ်နည်းပညာ ထုတ်ကုန်ပစ္စည်းများကိုယှဉ်ပြိုင်ရန် Samsung က Galaxy S25 စမတ်ဖုန်းများကိုထုတ်ဖော်ပြသ




Galaxy S25 စမတ်ဖုန်းများ

Samsung Electronics ကုမ္ပဏီသည် ပြိုင်ဘက်များဖြစ်သည့် Apple နှင့် တရုတ်နည်းပညာထုတ်ကုန်ပစ္စည်းများ၏ယှဉ်ပြိုင်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ၎င်းတို့၏ Galaxy S25၊ Galaxy S25+ နှင့် Galaxy S25 Ultra စမတ်ဖုန်းများကို ဇန်နဝါရီလ ၂၂ ရက်တွင် ထုတ်ဖော်ပြသလိုက်သည်။

Samsung ကုမ္ပဏီသည် ဉာဏ်ရည်တု (AI) နည်းပညာသုံးစမတ်ဖုန်းများကို ထုတ်လုပ်ရာတွင် Apple ထက်ပိုမိုမြန်ဆန်သော်လည်း ၂၀၂၄ ခုနှစ် ကမ္ဘာ့စမတ်ဖုန်းဈေးကွက်တွင် အမေရိကန်နှင့်တရုတ်ကုမ္ပဏီများ၏ပြိုင်ဆိုင်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် ထိပ်တန်းအဆင့်တွင် ရပ်တည်နိုင်ခဲ့ခြင်းမရှိပေ။ သို့သော် ယခုအခါ Samsung အနေဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း Samsung ၏ AI အဖွဲ့ခေါင်းဆောင် ပတ်ကျီဆုန်က ပြောသည်။

Galaxy S25 စမတ်ဖုန်းများတွင် Qualcomm ၏ chip များအပြင် Google ၏ AI မော်ဒယ်တို့ကို ထည့်သွင်းထားပြီး Now Brief service ပါဝင်ခြင်းကြောင့် အသုံးပြုသူများအနေဖြင့် ဖုန်းအတွင်းသိုလှောင်ထားသည့် ကိုယ်ပိုင်အမှတ်သညာပြုလုပ်သတ်မှတ်ထားသည့်အချက်အလက်များအပေါ်အခြေခံ၍ အကြံပြုချက်များပေးအပ်နိုင်မည်ဖြစ်သည်။

ထို့ပြင် Samsung ၏ image enhancement solution နှင့် mobile digital natural image စသည့် function များကိုပါ ထည့်သွင်းထားခြင်းကြောင့် Galaxy S25 စမတ်ဖုန်းများသည် performance အပိုင်းတွင် ပိုမိုကောင်းမွန်သည့်ဖုန်းတစ်လုံးဖြစ်လာမည်ဖြစ်ကြောင်း ကုမ္ပဏီကပြောသည်။ သို့သော် ဖုန်းများတွင်ပါဝင်သည့် RAM များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူဘဲ ကွဲပြားမည်ဖြစ်ကြောင်းသိရသည်။

N.A

## ပြည်ပနိုင်ငံသားများ၏သူလျှိုလုပ်ဆောင်မှုကို အလေးအနက်ထားကိုင်တွယ်မည်ဟု ဖိလစ်ပိုင်ပြော

မနီလာ၊ လုံခြုံရေး

ဖိလစ်ပိုင်နိုင်ငံအတွင်း နိုင်ငံခြားသားတစ်ဦးအား သူလျှိုလုပ်ဆောင်မှုနှင့် ဖမ်းဆီးခဲ့ပြီးနောက် နိုင်ငံအတွင်း၌ ပြည်ပနိုင်ငံသားများ၏ သူလျှိုလုပ်ဆောင်မှုကို အလေးအနက်ထား ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၃ ရက်တွင် ထုတ်ပြန်သည်။

ဖိလစ်ပိုင်အစိုးရသည် တရုတ်နိုင်ငံသားတစ်ဦးအား သူလျှိုလုပ်ဆောင်သည်ဟု ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖမ်းဆီးခဲ့ပြီး ၎င်းနှင့်အတူ နိုင်ငံအတွင်းရှိ စစ်ဘက်အဆောက်အအုံများကို ထောက်လှမ်းရာတွင် အသုံးပြုသည်ဟုယူဆရသည့် ပစ္စည်းကိရိယာများကိုပါ ရှာဖွေတွေ့ရှိခဲ့ကြောင်းသိရသည်။

ဖမ်းဆီးခံထားရသူမှာ တိန့်ယွမ်ချင်း ဆိုသူဖြစ်ပြီး ၎င်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်အင်ဂျင်နီယာတက္ကသိုလ်နှင့် ဆက်နွယ်နေသူဖြစ်ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့က ပြောသည်။ တိန့်နှင့်အတူ ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကိုလည်း ဖိလစ်ပိုင်အစိုးရက ထိန်းသိမ်းထားသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် မဖြစ်နိုင်သည့်ကိစ္စရပ်များကို ပြောဆိုခြင်းမှ ရပ်တန့်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ကြောင်း မနီလာမြို့ရှိ တရုတ်သံရုံးက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်းတာဝန်ရှိသူများ၏ ပြောဆိုချက်အရသိရသည်။

Ref:ST

# ရုရှားနိုင်ငံအပေါ်ချမှတ်သည့်စီးပွားရေးပိတ်ဆို့မှုများက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကိုသာပိုမိုအထိနာစေဟု ဟန်ဂေရီပြော



မော်စကို၊ စီးပွားရေး

ရုရှားနိုင်ငံအပေါ် ဥရောပသမဂ္ဂအဖွဲ့က ချမှတ်သည့်စီးပွားရေးပိတ်ဆို့မှုများသည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကိုသာ ပိုမို အထိနာစေခြင်းကြောင့် ရုရှားအပေါ်စီးပွားရေးပိတ်ဆို့မှုသက်တမ်းတိုးမည့်အစီအစဉ်အား ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ကန့်ကွက်ခဲ့ကြောင်း Bloomberg က ဖော်ပြသည်။

လက်ရှိအချိန်သည် ရုရှားအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကိုဖယ်ရှားရမည့်အချိန်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့၏ ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်သည် ရုရှားအပေါ် ပိတ်ဆို့မှုချမှတ်ထားခြင်းမရှိသည့် ဆက်ဆံရေးဖြစ်ကြောင်း အော်ဘန်က Kossuth ရေဒီယိုနှင့် လုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့ကြောင်း Bloomberg က ဇန်နဝါရီလ ၂၂ ရက်တွင် ဖော်ပြသည်။

အော်ဘန်သည် ဥရောပသမဂ္ဂအဖွဲ့က ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်ခြင်းအပေါ် ပြစ်တင်ဝေဖန်လေ့ရှိပြီး အဆိုပါပိတ်ဆို့မှုများသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကိုသာ ပိုမိုအထိနာစေသည်ဟု ယုံကြည်နေသူဖြစ်ကြောင်းသိရသည်။

ဥရောပသမဂ္ဂအဖွဲ့က ရုရှားအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများသည် ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ သက်တမ်းထပ်မံတိုးရန်အတွက် အဖွဲ့ဝင် ၂၇ နိုင်ငံစလုံး၏ တညီတညွတ်တည်း သဘောတူညီချက်ရရှိရန် လိုအပ်လျက်ရှိသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ရုရှားအပေါ် ပိတ်ဆို့မှုသက်တမ်းတိုးရေးနှင့် စပ်လျဉ်း၍ ဘရပ်ဆဲလ်မြို့၌ ဇန်နဝါရီလ ၂၇ ရက်တွင် ထပ်မံတွေ့ဆုံမည်ဖြစ်ပြီး အကယ်၍ ဟန်ဂေရီနိုင်ငံက ဆက်လက်ကန့်ကွက်နေပါက ပိတ်ဆို့မှုသက်တမ်းတိုးရန် အခက်အခဲဖြစ်ပွားနိုင်ကြောင်း နီးစပ်သူများ၏ ပြောကြားချက်ကိုကိုးကား၍ Bloomberg က ဆက်လက်ဖော်ပြထားသည်။

Ref:RT

## သတင်းတိုကဏ္ဍ

### ဘန်ကောက်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်း ၂၅၀ ကျော်ကို ပိတ်ပစ်ခဲ့ရ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဇန်နဝါရီလ ၂၃ရက်က လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်း ၂၅၀ ကျော်ကို ပိတ်ပစ်ခဲ့ရပြီး အစိုးရရုံးများမှ ဝန်ထမ်းများကို နေအိမ်မှနေ၍ အလုပ်လုပ်ကြရန် အာဏာပိုင်များက တိုက်တွန်းခဲ့ရကြောင်းသိရသည်။

ရာသီအလိုက်ဖြစ်ပွားလေ့ရှိသည့် လေထုညစ်ညမ်းမှုသည် အခြားဒေသတွင်းနိုင်ငံများကဲ့သို့ပင် ထိုင်းနိုင်ငံအတွင်း၌လည်း ဖြစ်ပွားလေ့ရှိပြီး ဇန်နဝါရီလ ၂၃ ရက်နံနက်ပိုင်းတွင် ဘန်ကောက်မြို့သည် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်လေထုအညစ်ညမ်းဆုံးမြို့အဖြစ်ရပ်တည်ခဲ့ကြောင်း IQAir က ထုတ်ပြန်သည်။

မြို့တော်အာဏာပိုင်အဖွဲ့သည် လေထုညစ်ညမ်းမှုကြောင့် မြို့အတွင်းရှိလမ်းမကြီးများပေါ်တွင် မောင်းနှင်နေသည့် မော်တော်ယာဉ်အရေအတွက်ကို လျှော့ချနိုင်ရန်အတွက် အစိုးရဝန်ထမ်းများအား နေအိမ်များမှနေ၍ အလုပ်လုပ်ဆောင်ကြရန် တိုက်တွန်းထားကြောင်းသိရသည်။

Ref: ST

### အမေရိကန်ပြည်ထောင်စုတောင်ပိုင်းတွင် Enzo ဆောင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်၊ အနည်းဆုံးကိုးဦးသေဆုံး

အမေရိကန်ပြည်ထောင်စုတောင်ပိုင်းတွင် မကြုံစဖူးထူးခြားသည့် Enzo ဆောင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဆောင်းမုန်တိုင်းဝင်ရောက်ခဲ့ပြီးနောက် ပင်လယ်ကွေ့ ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသများတွင် စံချိန်တင်ဆီးနှင်းကျဆင်းမှုနှင့် အလွန်အေးခဲသောရာသီဥတုတို့ဖြစ်ပေါ်ခဲ့ရာ လူဝီစီယားနားပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် နယူးအော်လန်မြို့တွင် ၁၉၄၈ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး ဆီးနှင်းကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ပြီး တစ်ရက်အတွင်း ဆီးနှင်းထု ၈ လက်မအထိ ကျဆင်းခဲ့သည်။ ယင်းပမာဏသည် ယခင်စံချိန်ဖြစ်သည့် ၂ ဒသမ ၇ လက်မထက်များစွာကျော်လွန်ခဲ့ကြောင်း weather.com ၏ ထုတ်ပြန်ချက်အရ သိရသည်။

Xinhua

### တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ဟိုတယ်မီးလောင်မှုအတွင်း သေဆုံးသူ ၇၈ ဦးအထိမြင့်တက်

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ဘိုလူပြည်နယ်ရှိ ဟိုတယ်တစ်ခုတွင် ဖြစ်ပွားသည့် မီးလောင်ကျွမ်းမှုအတွင်း သေဆုံးသူအရေအတွက်မှာ ၇၈ ဦးအထိမြင့်တက်လာကြောင်း တရားရေးဝန်ကြီး ယီမက်တွန့်က ဇန်နဝါရီလ ၂၃ရက်တွင် ပြောသည်။

မီးလောင်ကျွမ်းမှုသည် နှင်းလျှောစီးအပန်းဖြေစခန်းဖြစ်သည့် ဘိုလူကာတာယာကာရှိ သစ်သားဖြင့် ဆောက်လုပ်ထားသည့် ၁၂ ထပ်ဟိုတယ်ရှိ စားသောက်ဆိုင်တွင် ဇန်နဝါရီလ ၂၁ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုသည်နောက်ပိုင်းတွင် ဟိုတယ်တစ်ခုလုံးသို့ လျင်မြန်စွာကူးစက်ပျံ့နှံ့သွားခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ် အဆိုပါဟိုတယ်၌ လူ ၂၃၈ ဦးတည်းခိုလျက်ရှိပြီး အဆိုပါမီးလောင်ကျွမ်းမှုနှင့်ဆက်နွယ်နေသူ ၁၁ ဦးကို အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်းသိရသည်။

Xinhua

# ဖိလစ်ပိုင်တွင် ဖြန့်ကြက်ထားသည့် Typhon ဒုံးပစ်စင်များကို အမေရိကန်က လူဇွန်ကျွန်းသို့ ပြောင်းရွှေ့

မနီလာ၊ စစ်ရေး

အမေရိကန်စစ်ဘက်သည် ဖိလစ်ပိုင်နိုင်ငံအတွင်း၎င်းတို့ဖြန့်ကြက်ထားသည့် Typhon ဒုံးပစ်စင်များကို လူဇွန်ကျွန်းရှိ အခြားနေရာတစ်ခုသို့ ရွှေ့ပြောင်းလိုက်ကြောင်း ဖိလစ်ပိုင်အစိုးရအဖွဲ့မှ အရင်းအမြစ်တစ်ခုက ပြောသည်။



Typhon ဒုံးပစ်စင်များသည် Tomahawk ခရုဇ် ဒုံးကျည်များအပါအဝင် ဘက်စုံသုံး ဒုံးကျည်များကို အကွာအဝေး ကီလိုမီတာ ထောင်ပေါင်းများစွာအထိ ပစ်ခတ်နိုင်ပြီး တရုတ်နှင့် ရုရှားနိုင်ငံများအတွင်းရှိ ပစ်မှတ်များကိုပါ ဖိလစ်ပိုင်နိုင်ငံအတွင်းမှ ပစ်ခတ်နိုင်မည်ဖြစ်သည်။

အမေရိကန်စစ်ဘက်သည် အဆိုပါဒုံးပစ်စင်များကို အစောပိုင်းတွင် Laoag လေတပ်အခြေစိုက်စခန်းတွင် ဖြန့်ကြက်ထားခဲ့သော်လည်း ယခုအခါ လူဇွန်ကျွန်းသို့ ရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် မကြာမီရက်ပိုင်းများအတွင်း ဒုံးပစ်စင်များနှင့်ဆက်စပ်ပစ္စည်းများအား C-17 သယ်ယူပို့ဆောင်ရေးလေယာဉ်ပေါ်သို့ တင်နေသည့်ပုံများကို ဂြိုဟ်တုမှဖမ်းယူရရှိခဲ့သည့် ပုံရိပ်များတွင် တွေ့မြင်ရကြောင်း Middlebury နိုင်ငံတကာလေ့လာမှုများဆိုင်ရာ အင်စတီကျူ ဂျက်ဖရီလူးဝစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Typhon ဒုံးပစ်စင်များသည် အာရှဒေသအတွင်း အမေရိကန်က ဖြန့်ကြက်ထားသည့် သင်္ဘောဖျက်လက်နက်စနစ်များ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

Ref: ST

# လော့စ်အိန်ဂျလိစ်ဒေသမြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုထပ်မံဖြစ်ပွား ဒေသခံ ၃၀၀၀၀ ကျော်ကိုဘေးကင်းရာသို့ရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ရ


လော့စ်အိန်ဂျလိစ်၊ သဘာဝဘေး

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ဒေသမြောက်ပိုင်းရှိ တောင်တန်းဒေသများတွင် ဇန်နဝါရီလ ၂၂ ရက်က တောမီးလောင်ကျွမ်းမှုအသစ် ထပ်မံဖြစ်ပွားခဲ့ရာ ဒေသခံ ၃၀၀၀၀ ကျော်ကိုဘေးကင်းရာသို့ရွှေ့ပြောင်းကြရန် အာဏာပိုင်များက ညွှန်ကြားခဲ့ရကြောင်းသိရသည်။

Hughes တောမီးဟုအမည်ပေးထားသည့် အဆိုပါတောမီးလောင်ကျွမ်းမှုသည် ဇန်နဝါရီလ ၂၂ ရက် နံနက်ပိုင်းမှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးအတွင်း သစ်တောဧက ၁၀၀၀၀ ကျော်လောင်ကျွမ်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုအား မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်လျက်ရှိရာ ဇန်နဝါရီလ ၂၂ ရက် ညပိုင်းအထိ တောမီးလောင်ကျွမ်းမှု၏ ၁၄ ရာခိုင်နှုန်းကိုသာ ငြိမ်းသတ်နိုင်ခဲ့ကြောင်း ပြည်နယ်သစ်တောနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

Hughes တောမီးလောင်ကျွမ်းမှုသည့် ဒေသတွင် ဇန်နဝါရီလ ၂၂ ရက်ညပိုင်းမှ ၂၃ ရက်အထိ အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ခန့်ရှိနိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာန လော့စ်အိန်ဂျလိစ်ဌာနခွဲ၏ ခန့်မှန်းချက်အရ သိရသည်။



ကယ်လီဖိုးနီးယားပြည်နယ်တွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်မှစ၍ တောမီးများလောင်ကျွမ်းခဲ့ရာ အနည်းဆုံး လူ ၂၈ ဦး သေဆုံးပြီး အဆောက်အအုံ ၁၆၀၀၀ ကျော်မီးလောင်ပျက်စီးခဲ့ပြီးဖြစ်သည်။

Xinhua

# ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးရန်သင့်လျော်သော အစားအသောက်ရရှိရေးသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၃

ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးရန် သင့်လျော်သော အစားအသောက်ရရှိရေး သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဗိုလ်တထောင် မြို့နယ် ကုန်သည်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲ ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စားသောက်ဆိုင်များမှ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်မြို့တော်(မြို့တော်ဝန်) ဦးဗိုလ်ဌေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ စားသောက်ဆိုင် အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်၍ သင်တန်းကာလမှာ ဇန်နဝါရီလ ၂၃ ရက်မှ ၂၄ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာမြင့်သန်းထွန်းက အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဒေါက်တာရွှေဘော်က အစားအသောက် ပြုပြင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဒေါက်တာကိုကိုထွန်းက အစားအသောက်ထုတ်လုပ်မှု ဘေးအန္တရာယ်များကို စိစစ်ခြင်းနှင့် အဓိကအဆင့်ကို ကွပ်ကဲခြင်းစနစ်၊ ဒေါက်တာမြင့်မြတ်က သန့်ရှင်းသောအစားအသောက်နှင့် ဆိုးဆေး အန္တရာယ်၊ ဒေါက်တာဝေယံထက်က မသန့်ရှင်းသောရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၊ ဒေါက်တာအောင်ကိုဦးက Basic Food Safety & Sanitation စသည့် အကြောင်းအရာများကို စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# WCC အဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်၊ မော်တော်ယာဉ်စက်ပြင်အလုပ်အကိုင်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်မှု ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၃

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်စက်မှုဇုန် စီမံခန့်ခွဲရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်အလုပ်သမား ရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းနည်းပြများနှင့် သင်တန်းသား WCC အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီးက အလုပ်သမား ရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကိုအလုပ်ရှင်နှင့် အလုပ်သမားများအကြား အလုပ်လုပ်ကိုင်မှုအခြေအနေ၊ စည်းကမ်းချက်များ ဆွေးနွေးညှိနှိုင်းရန်၊ အလုပ်သမားများ၏လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းတွင် ဦးစီးဌာနအလိုက် စည်းကြပ်သည့်ဥပဒေများကို တာဝန်ခံ အရာရှိများက ပို့ချပေးမည့်အပြင် ခုံသမာဓိ ကောင်စီဝင်များနှင့် ခုံသမာဓိအဖွဲ့ဝင်များ က အငြင်းပွားမှုဖြေရှင်းရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များ ကိုဆွေးနွေးပို့ချပေးမည်ဖြစ်၍ WCC အဖွဲ့ဝင် သင်တန်းသားများ အလေးထားမှတ်သားရန်နှင့် WCC အဖွဲ့ဝင်များ စွမ်းဆောင်ရည် ပြည့်ဝမှသာ အလုပ်ရှင်၊ အလုပ်သမားများ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောလုပ်ငန်းခွင်ဆက်ဆံရေး တည်ဆောက်နိုင်ပြီး လုပ်ငန်းခွင်အေးချမ်း သာယာ၍ ကုန်ထုတ်စွမ်းအားတိုးတက်စေမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ်အိမ်ရာရှိ မြန်မာမော်တာကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်တွင် မော်တော်ယာဉ်စက်ပြင်ကျွမ်းကျင်မှု အဆင့်-၁ အလုပ်အကိုင်အတွက် ဖြေဆိုသူ ၂၀ ကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ်မှ ယနေ့ထိ အလုပ်အကိုင် ၅၃ မျိုး အတွက် ဖြေဆိုသူ ၃၀၀၀၀ ကျော်ကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အစိုးရ၊ ပုဂ္ဂလိက သင်တန်းကျောင်းများ ပူးပေါင်း၍ ပြည်တွင်း/ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ကျွမ်းကျင်လုပ်သားများ တိုးမြှင့်မွေးထုတ်နိုင်ရန် အသိအမှတ်ပြုလုပ်ငန်းစဉ်များကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# ရေပေးသွင်းစိုက်ပျိုးပါက ဝါသီးနှံကို ရာသီမရွေးစိုက်ပျိုးနိုင်မှုကွင်းသရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၂၃**

သင့်တော်သော ရေသွင်းနည်းစနစ်ကို မှန်ကန်စွာအသုံးချပြီး မိုးကြို၊ မိုး၊ မိုးနှောင်း၊ ဆောင်း ရှိသည့်စိုက်ရာသီများတွင် သင့်တော်သည့်အချိန်ကို ရွေးချယ်စိုက်ပျိုးနိုင်ရန် ဝါသီးမျိုး (၆)မျိုးစမ်းသပ်စိုက်ပျိုးခြင်းကို နေပြည်တော်၊ ပျဉ်းမနား စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းဝင်း၌ ဆောင်ရွက်ထားရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး လွန်ကျော်၊ ရွှေတောင် (ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ)၊ ပျော်ဘွယ် (ချောင်းမကြီး) ဝါသီးနှံ မျိုးသန့်ခြံ၊ မကွေးတိုင်းဒေသကြီး ဝါသီးနှံမျိုးသန့်ခြံ (အောင်လံ)၊ ပဲခူးတိုင်းဒေသကြီး ဝါသီးနှံ မျိုးသန့်ခြံ(လေးဆည်ပြင်)တို့မှ ခြံတာဝန်ခံများ၊ သုတေသနတာဝန်ခံများ၊ မျိုးပွားတာဝန်ခံများနှင့် စိုက်ပျိုးရေးပညာရှင်များ လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့ဝင်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပုံမှန်စိုက်ပျိုးနေကျဝါသီးနှံ စိုက်ပျိုးချိန်မဟုတ်သော်လည်း ရေပေးသွင်းစိုက်ပျိုးနိုင်ပါက ဆောင်းရာသီတွင်စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းနိုင်စွမ်းကိုလေ့လာရန် ပြည်ပမှ တင်သွင်းသော RAKA 66၊ B31၊ KTK-1 စပ်မျိုးနှင့် အများစုစိုက်ပျိုးလျက်ရှိသော ဝါမျိုးများဖြစ်သည့် ရွှေတောင် (၈)၊ ရွှေတောင်(၁၀) နှင့် ငွေချည်(၁၁) မျိုးသုံးမျိုး စုစုပေါင်းမျိုးခြောက်မျိုးတို့၏ အမွေးချွတ်ပြီး မျိုးစေ့များဖြင့် ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားပြီး တောင်သူများ လက်တွေ့လေ့လာနိုင်ကြစေရန် ကွင်းသရုပ်ပြဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဝါပင်များ ပုံမှန်ကြီးထွားဖြစ်ထွန်းမှုရှိပြီး ရေပေးသွင်းနိုင်ပါက မည်သည့်ရာသီမဆို စိုက်ပျိုးနိုင်



ကြောင်း၊ ဝါသီးနှံတွင် ဆိုးဝါးစွာကျရောက်တတ်သည့် ပိုးမွှားရောဂါများ ဆောင်းရာသီတွင် တက်ကြွမှုမရှိ၍ ကျရောက်မှုကင်းဝေးခြင်းကြောင့် ဓာတုပိုးသတ်ဆေးသုံးစွဲရမှုကို လျှော့ချနိုင်ကြောင်း၊ ဒေသအလိုက် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်၍ ဝါမျိုးစေ့ထုတ်ကေကို တိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အက်စစ်ဖြင့် အမွေးချွတ်ထားသောဝါမျိုးစေ့ကို အသုံးပြုထားမှု၊ စိုက်ပေါင်းများကို ပလတ်စတစ်အမည်းရောင်ဖြင့် ဖုံးအုပ်ထားပြီး ရေမွှား ရေပေးစနစ်(Film Irrigation)ဖြင့် ရေပေးသွင်းစိုက်ပျိုးထားရှိခြင်းကြောင့် အပင်သက်တမ်း ရက် ၆၀ သားခန့် ရှိနေသော်လည်း ပြည်တွင်းဝါမျိုးနှင့် နိုင်ငံခြားစပ်မျိုးဝါများ၏ အပင်ကြီးထွားမှုသိသာစွာ ကွာခြားမှုမရှိကြောင်း ၊ ဝါသီးနှံမျိုးသန့်ခြံများ၌ မျိုးသန့်ပွားများခြင်း၊ ဝါဆွတ်ချိန်အလိုက် မှတ်တမ်းထားရှိပြီး ဝါပေါက်သည့်အကြိမ်အလိုက် မျိုးစေ့အရည်အသွေးကို သုတေသနပြုရန် လိုအပ်ချက်များ၊ မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များကို ထိန်းသိမ်းထားရှိရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၂˚c |
| ရန်ကုန် | ၁၈˚c | / | ၃၂˚c |
| မန္တလေး | ၁၉˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၅)၌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေဆိုင်ရာဘာသာရပ်များ ဆွေးနွေးပို့ချ

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၅)ကို ဇန်နဝါရီလ ၈ ရက်မှ မတ်လ ၂၈ ရက်အထိ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း၌ဖွင့်လှစ်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးပို့ချလျက်ရှိသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် သင်တန်းအမှတ်စဉ်(၅)၌ ဥပဒေရေးရာဝန်ကြီးဌာန၏ရည်မှန်းချက်တာဝန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်






မှုများ၊ ဥပဒေရေးရာဝန်ကြီးဌာနပေါ်ပေါက်လာပုံ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနလေးခုတို့၏ လုပ်ငန်းတာဝန်များ၊ မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉) ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက် (Building Legal Trust for the People) ပါ ပန်းတိုင်(၅)ရပ်၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေပါ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ပြင်ဆင်ပြောင်းလဲမှုများကို ဆွေးနွေးပို့ချပြီး သင်တန်းသားများမေးမြန်းသည့်မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယပါမောက္ခချုပ် စုစုပေါင်း ၂၇ဦး တက်ရောက်လျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

# လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် စတင်ခြင်းအခမ်းအနားကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၃**

**"လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် စတင်ခြင်းအခမ်းအနား"** ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီတွင် ဆောင်းအကုန်နွေအကူးကာလကို ရောက်ရှိမည်ဖြစ်သည့်အတွက် နွေဦးရာသီအစနှင့် မုတ်သုံအဝင်ကာလများတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်းများဖြစ်ပေါ်လေ့ရှိပြီး လေပြင်းဘေးကြောင့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအနေဖြင့်လည်း လေတိုက်နှုန်းပေါ်မူတည်ကာ လေပြင်းတိုက်ခတ်နိုင်မှုများ၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှုများကို အဆင့်များသတ်မှတ်အသိပေးလျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုများကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၂၃၇၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လေပြင်းဘေးဖြစ်ပွားမှုများပြားခဲ့သည့် ဒေသများကိုရွေးချယ်ပြီး လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသည့် အိုးအိမ်များဖြစ်စေရေးအားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစတင်၍ နှစ်စဉ် ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၇၅၀၀၀ ကျော်ကို ကျပ်သန်း ၂၇၀၀ ကျော်ကျခံ၍ အားဖြည့်၊ မွမ်းမံ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ နေအိမ်များ အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတူ လေပြင်းဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကိုပါ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်မည့် လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးများက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဝွေးဇီးကျေးရွာ၌ လေပြင်းဒဏ်ခံနိုင်ရည်အားနည်းသည့်နေအိမ်များမွမ်းမံခြင်းလက်တွေ့ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် တောင်ရပ်ကွက်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်နေမှုနှင့် လက်ကမ်းစာစောင်များဖြန့်ဝေနေမှု၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကန်စုကျေးရွာတွင် လေပြင်းဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုနှင့် နေအိမ်ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်း ကောင်းရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကိုပြောကြားပြီး စီမံချက်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၇၅၀၀၀ ကျော်ကို ရန်ပုံငွေကျပ် ၂ ဒသမ ၇ ဘီလီယံကျော်ကျခံသုံးစွဲ၍ အားဖြည့်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ယခင်နှစ်များနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်ခုနစ်ခုတွင် နေအိမ်ပေါင်း ၁၁၀၂၀ လုံးကို ရန်ပုံငွေကျပ် ၇၅၂ ဒသမ ၄၀၀ သန်းဖြင့် အားဖြည့်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)၏ နဝမအကြိမ်မြောက် စိုက်ပျိုးရေး ဒီပလိုမာနှင့်ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)၏ နဝမအကြိမ်မြောက်စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါကျောင်းစုဝေးဆောင်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဒီပလိုမာလက်မှတ်အပ်နှင်းခံရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်ပထမပိုင်းတွင် ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး မွေးမြူရေးဒီပလိုမာသင်ထောက်ကူအဖြစ် မွေးမြူထားသည့် အသားတိုးဝက်၊ နို့စားနွား၊ ဆိတ်နှင့် ဥစားကြက်များမွေးမြူထားရှိမှု၊ စိုက်ပျိုးရေးဒီပလိုမာကျောင်းသား၊ ကျောင်းသူများစိုက်ပျိုးထားသည့် ဓာတ်မြေဩဇာထည့်သွင်းမှု နှိုင်းယှဉ်စမ်းသပ်စိုက်ပျိုးထားသည့် စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

အစီအစဉ်ဒုတိယပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပုသိမ်ကြီး) ကျောင်းအုပ်ကြီးက ကျောင်းသား၊ ကျောင်းသူများအား ဒီပလိုမာလက်မှတ်များပေးအပ်သည်။

ယနေ့အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)ကျောင်းမှ စိုက်ပျိုးရေးဒီပလိုမာ ၉၃ ဦးနှင့် မွေးမြူရေးဒီပလိုမာငါးဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ရွှေဘို)မှ ၃၀၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(လုံပီး)မှသုံးဦး စုစုပေါင်း ၁၃၁ ဦးကို ဒီပလိုမာ အောင်လက်မှတ်ပေးအပ်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ညနေပိုင်းကလည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ငြိမ်းချမ်းသာစံပြကျေးရွာရှိ SUNDAY နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွား ၁၁၀ ကောင် မွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာအား ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် DIAMOND STAR Co.,Ltd.သို့ရောက်ရှိပြီး လယ်ထွန်စက်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရောင်းဆိုင် ဖွင့်လှစ်ထားရှိမှု၊ အစားအသောက်နှင့် သစ်သီးဝလံကုန်စည်များ ရောင်းချဖလှယ်ခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သဘောတူညီချက်ပါ စည်းကမ်းချက်များကိုတိကျစွာလိုက်နာဆောင်ရွက်ကြရန်မှာကြားသည်။



ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း(မန္တလေး)သို့ ရောက်ရှိပြီး ပြည်ပပို့ကုန်ကဏန်း၊ ငါးရှဉ့်၊ ငါးခြောက်၊ ငါးဆားနယ်၊ ပုစွန်ခြောက် စသည့် ရေထွက်ကုန်များကို ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များကို အမီလိုက်ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်း ဆောင်ရွက်ပေး

**ကျွန်းစု ဇန်နဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသော အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များကို Catch-up Immunization နည်းလမ်းဖြင့် အမီလိုက်ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းကို ဇန်နဝါရီလ ၂၂ရက် နံနက်ပိုင်းတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးရှိ မူလတန်းကြိုကျောင်း၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးတို့ကို အဆိုပါမူလတန်းကြိုကျောင်းရှိ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများ အနက် ကာကွယ်ဆေးလုံးဝမရရှိသေးသော ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသည့် ကလေးငယ် ၂၀ ဦးအား ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးသည်။



ထို့နောက် မြို့ပေါ်အမှတ်(၂)ရပ်ကွက်၌ ကာကွယ်ဆေး အကြိမ်ပြည့်မရရှိသေးသော အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များကို Catch-up Immunization နည်းလမ်းဖြင့် အမီလိုက်ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သာစည် ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ညောင်ရမ်းဈေးကျေးရွာအုပ်စု ဈေးရွာကျေးရွာ၌ လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ဇန်နဝါရီလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဈေးရွာကျေးရွာတွင် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် တမာကုန်းကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇၅၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# တောင်တွင်းကြီးမြို့နယ်ရှိ ပြည်သူ့စာကြည့်တိုက်သို့ ပန်းချီကားများလှူဒါန်း

**တောင်တွင်းကြီး ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်ထားသည့် ပြတိုက်ငယ် (Mini Museum)အတွက် ဝါစိမ်းနီပန်းချီဆရာများအသင်းမှ တာဝန်ရှိသူများက ဇန်နဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင်ပန်းချီကားများ လာရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ဝါစိမ်းနီပန်းချီဆရာများအသင်းက ပန်းချီကားတစ်ချပ်လျှင် တန်ဖိုးငွေကျပ် တစ်သိန်းကျော်ရှိ ပန်းချီကားချပ် စုစုပေါင်းခြောက်ချပ် ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်၌ နေ့စဉ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များအား သုတ၊ ရသ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာကြည့်တိုက်အတွင်းဖတ်ရှုခြင်းအပြင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အထင်ကရရှေးဟောင်းသမိုင်းဝင်စေတီများနှင့် သမိုင်းအကျဉ်း၊ တောင်တွင်းကြီးဒေသမှ ရိုးရာအိုးလုပ်ပုံအဆင့်ဆင့်မှတ်တမ်းဓာတ်ပုံများနှင့် ရိုးရာအိုးပြုလုပ်ရာတွင်အသုံးပြုသည့်လက်ခတ်များ၊ စာရေးဆရာကြီး ဦးအောင်သင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း၊ ရှေးခေတ်ဓာတ်ပြားဟောင်းများ၊ အေဒီ ၁ ရာစုမှ ၉ ရာစုအတွင်းအသုံးပြုသည့် ပျူခေတ်လက်ရာပါအုတ်ချပ်များ၊ အင်းဝခေတ်သုံးလက်လုပ်မြေဆေးတံများ၊ ဘိက္ခုပါစိတ် ပါဠိပေထုပ်၊ ကုန်းဘောင်ခေတ်ရေး ပေထုပ်၊ ရွှေစက်တော်သမိုင်းပေထုပ်၊ ပျူခေတ်ပယင်းနားဒွေးင်း၊ မြန်မာလက်နှိပ်စက်၊ မြန်မာ့ရိုးရာနွားလှည်း၊ ရှေးဟောင်းမြို့ရိုးအုတ်ချပ်များနှင့် ကုန်းဘောင်ခေတ်သုံး ရတနာပုံဒေါင်းဒင်္ဂါးများ၊ ပေလေးပင်ရှင်လေးပါး အတ္ထုပ္ပတ္တိအကျဉ်းချုပ်များစသည်တို့ကို အလွယ်တကူ လေ့လာနိုင်ရန်ပြတိုက်ငယ် (Mini Museum) ဖွင့်လှစ်ပေးထားလျက်ရှိကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသား စကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှူပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ချယ်လ်ဆီးအသင်းက ဒေါက်ကလပ်လူးဝစ်ကို အငှားစာချုပ်ဖြင့်ကမ်းလှမ်းသော်လည်း ဂျူဗင်တပ်စ်အသင်းကပယ်ချ

လန်ဒန် ဇန်နဝါရီ ၂၃

ချယ်လ်ဆီးအသင်းက ကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်ကို ယခုဘောလုံးရာသီကုန်အထိ ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူရန် ကမ်းလှမ်းသော်လည်း ဂျူဗင်တပ်စ်အသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဒေါက်ကလပ်လူးဝစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်စ်တွန်ဗီလာအသင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

သို့သော် ဒေါက်ကလပ်လူးဝစ်သည် ယခုဘောလုံးရာသီ ဂျူဗင်တပ်စ်အသင်း၌ နည်းပြမော့တာလက်အောက်တွင် ပွဲကစားခွင့်အပြည့်အဝမရရှိခဲ့ဘဲ ရုန်းကန်နေရသည့်အတွက် ချယ်လ်ဆီးအသင်းက အပြီးသတ်စာချုပ်ဖြင့်မဟုတ်ဘဲ ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဂျူဗင်တပ်စ်အသင်းက အငှားစာချုပ်ဖြင့် ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိအသင်းကွင်းလယ်ပိုင်းတွင် ပယ်လ်မာ၊ အန်ဇိုဖာနန်ဒက်စ်၊ ကိုင်စီဒို၊ လတ်ဗီးလား၊ ဟောလ်တို့ရှိနေသော်လည်း အန်ဇိုဖာနန်ဒက်စ် အနေဖြင့် ဒဏ်ရာကြောင့် အနားယူနေရသကဲ့သို့ လတ်ဗီးလားသည်လည်း တစ်ရာသီလုံးနီးပါး အနားယူနေခဲ့ရသည့်အတွက် အသင်းကွင်းလယ်ပိုင်းတွင် လိုအပ်ချက်များရှိနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းက လက်ရှိတွင် လတ်ဗီးလားကို ရောင်းချရန်ပြင်ဆင်နေပြီး အသင်းကွင်းလယ်ပိုင်းအတွက် ဒေါက်ကလပ်လူးဝစ်နှင့် အစားထိုးလိုနေခြင်း ဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*




# လက်ကျန်ဘောလုံးရာသီကို တာဝန်ယူမကိုင်တွယ်လိုဘဲ လာမည့်ဘောလုံးရာသီမှသာ ကိုင်တွယ်လိုသည့်အတွက် ဒေါ့မွန်အသင်း၏ ကမ်းလှမ်းမှုကို နည်းပြတန်ဟတ်ငြင်းပယ်

ဘာလင် ဇန်နဝါရီ ၂၃

ဒေါ့မွန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် မန်ယူအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်ကိုခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း တန်ဟတ်ကိုယ်တိုင်က လက်ကျန်ဘောလုံးရာသီကို မကိုင်တွယ်လိုဘဲ လာမည့်ဘောလုံးရာသီမှသာ ကိုင်တွယ်လိုသည့်အတွက် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ဒေါ့မွန်အသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး နောက်ဆုံးကစားသည့် ပြိုင်ပွဲစုံလေးပွဲဆက် ရှုံးနိမ့်ပြီးနောက် ဘိုလော့ဂ်နာအသင်းကိုရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် နည်းပြဆာဟင်ကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ဥရောပအတွေ့အကြုံရှိသည့် နည်းပြတန်ဟတ်ကို ဦးစားပေးခန့်အပ်လိုသည့်အတွက် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း နည်းပြတန်ဟတ်က အသင်းတစ်သင်းကို လက်ကျန်ဘောလုံးရာသီတွင် တာဝန်ယူကိုင်တွယ်လိုခြင်းမရှိဘဲ လာမည့်ဘောလုံးရာသီမှသာ တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

နည်းပြတန်ဟတ်သည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ၌ ရလဒ်များဆိုးရွားနေသည့်အတွက် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ ဖြစ်နေခြင်းဖြစ်သည်။

နည်းပြတန်ဟတ်သည် ၎င်း၏နည်းပြဘဝတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ပြီး ဘိုင်ယန်မြူးနစ်အရန်အသင်းကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့ကာ ဂျာမန်ဘောလုံးလောကနှင့် အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည့်အတွက် ဒေါ့မွန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;The Athletic*

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ခုနစ်ပွဲဆက်အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို လီဗာပူးအသင်းပြန်လည်ရရှိ




လန်ဒန် ဇန်နဝါရီ ၂၃

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားသည့် လီဗာပူးအသင်းနှင့် လိုင်လီအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက အိမ်ကွင်း၌ ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ခုနစ်ပွဲဆက်အနိုင်ရရှိသည့် ၎င်းတို့အသင်း၏ မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီ နည်းပြဆလော့လက်အောက်တွင် အကောင်းဆုံးပုံစံရရှိနေပြီး လိုင်လီအသင်းကိုအနိုင်ရရှိပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲကစားရာ၌ ခုနစ်ပွဲစလုံး ရှုံးနိမ့်ခြင်းမရှိဘဲ ရာနှုန်းပြည့်နိုင်ပွဲရရှိပြီးနောက် ၎င်းတို့အသင်း၏ မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ခုနစ်ပွဲဆက်အနိုင်ရရှိသည့် ပထမဆုံးအသင်းအဖြစ် လီဗာပူးအသင်းက ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက စံချိန်တင်နိုင်ခဲ့ပြီးနောက် ဒုတိယမြောက်အသင်းအဖြစ် မန်စီးတီးအသင်းက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက လီဗာပူးအသင်းစံချိန်ကို လိုက်မီနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း လီဗာပူးအသင်းသည် ခုနစ်ပွဲဆက်အနိုင်ရရှိပြီးနောက် အသင်း၏စံချိန်ကောင်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လိုင်လီအသင်းကိုအနိုင်ရရှိပြီးနောက် ချန်ပီယံလိဂ်ခုနစ်ပွဲကစားပြီးချိန်တွင် ခုနစ်ပွဲစလုံးအနိုင်ရရှိခဲ့ကာ ရမှတ် ၂၁ မှတ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိပြီး ချန်ပီယံလိဂ်တစ်ပွဲကစားရန် ကျန်ရှိနေသည့်အချိန်တွင် (၁၆) သင်းရှုံးထွက်အဆင့်သို့ တိုက်ရိုက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းကိုရှုံးနိမ့်ခဲ့သည့် လိုင်လီအသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ ပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကောင်းတစ်ရပ် ရပ်တန့်ခဲ့ရသည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ၂၁ ပွဲကစားပြီးချိန်တွင် ရမှတ် ၅၀ ဖြင့် အဆင့်(၂)နေရာမှ အဆင့်နယ်အသင်းထက် တစ်ပွဲလျှော့ဖြင့် ခြောက်မှတ်အထိဖြတ်တောက်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

*Ref;Fotmob*

# အေစီမီလန်အသင်းက ခံစစ်ကစားသမား ကိုင်လီဝေါကာကို အငှားစာချုပ်ဖြင့်ခေါ်ယူ

မီလန် ဇန်နဝါရီ ၂၃

အေစီမီလန်အသင်းက မန်စီးတီးအသင်းမှ ဝါရင့်ခံစစ်ကစားသမား ကိုင်လီဝေါကာကို ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ကိုင်လီဝေါကာသည် ၂၀၁၇ ခုနှစ်က စပါးအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး မန်စီးတီးအသင်း၌ နည်းပြဂွါဒီယိုလာလက်အောက်တွင် ကာလအတန်ကြာ အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ပွဲကစားခွင့်အကန့်အသတ်ဖြင့်သာ ရရှိနေသည့်အတွက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက ကိုင်လီဝေါကာကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ပြီး ယခုအခါ မန်စီးတီးအသင်းနှင့်ပါ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းက ကိုင်လီဝေါကာကို ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့်သာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အပြီးသတ်ဝယ်ယူခွင့်အချက် မပါဝင်ခဲ့ကြောင်း သိရသည်။

*Ref;One Football*

# မြန်မာ့ပဲစင်းငုံများတင်သွင်းခွင့်ကို အိန္ဒိယနိုင်ငံမှ တစ်နှစ်ထပ်မံသက်တမ်းတိုးသတ်မှတ်



ရန်ကုန် ဇန်နဝါရီ ၂၃

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ မြန်မာ့ပဲစင်းငုံတင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်ထပ်မံသက်တမ်းတိုးသတ်မှတ်လိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

"အိန္ဒိယနိုင်ငံက ဒီနှစ် မတ်လ ၃၁ ရက်မှာ ပဲတင်သွင်းခွင့် သက်တမ်းပြည့်တော့မှာဖြစ်တဲ့အတွက် ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ ပဲတင်ပို့ခွင့် တစ်နှစ်သက်တမ်းတိုးလိုက်ပါတယ်။ ဒီလိုသက်တမ်းတိုးလိုက်တာကြောင့် ပဲစင်းငုံအရောင်းအဝယ်ပိုကောင်းပြီး တောင်သူတွေလည်း အကျိုးရှိလာမှာပါ။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကထွက်တဲ့ ပဲစင်းငုံကို အများအပြားဝယ်နေတာပါ"ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရောဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးနေဝင်းစိုးက ပြောသည်။

မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် ပဲစင်းငုံ တန်ချိန် သုံးသိန်းဝန်းကျင်ထွက်ရှိပြီး ယခုနှစ်အတွင်း ပိုမိုထွက်ရှိနိုင်ကြောင်း၊ ယခုကဲ့သို့တင်သွင်းခွင့်သက်တမ်းတိုးလိုက်သည့်အတွက် အရောင်းအဝယ်ပိုမိုကောင်းမွန်လာနိုင်ကြောင်း သိရသည်။ **ဝါဝါ**

# ဒဂုံ(မြောက်ပိုင်း) မြို့နယ်၌ အခြေခံမော်တာ စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ လုပ်သားကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာ့လုပ်သားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများချမှတ်၍ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)ကို ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါသင်တန်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ သင်တန်းနည်းပြဆရာနှစ်ဦးနှင့် ပြင်ပမှ သင်တန်းနည်းပြဆရာတစ်ဦးက သင်တန်းသား ၄၀ ဦးကို ဇန်နဝါရီလ၂၂ ရက်မှ ဖေဖော်ဝါရီလ ၁၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းကျောင်းတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လေအေးပေးစက်တပ်ဆင်ပြုပြင်ခြင်း၊ ဂဟေဆက်၊ မော်တော်ယာဉ်ပြုပြင်ခြင်း၊ စားသောက်ဆိုင်ဝန်ဆောင်မှု၊ ဆိုလာတပ်ဆင်ခြင်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းနှင့် အထည်ချုပ်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။ (၂၈၅)

# ကျောင်းသား ကျောင်းသူများ အရေးစွမ်းရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စာစီစာကုံးရေးသားနည်းသင်တန်းဖွင့်လှစ်



ကျောက်ဆည် ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အရေးစွမ်းရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စာစီစာကုံးရေးသားနည်းသင်တန်းကို ဇန်နဝါရီလ ၂၃ ရက်တွင် ကျောက်ဆည်မြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများ တွေးခေါ်မှုစွမ်းရည်မြင့်မားစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ရေးသားမှုစွမ်းရည်မြင့်မားရေး ကောင်းမွန်ပြည့်စုံသည့် စာစီစာကုံးတစ်ပုဒ်ရရှိရန်အတွက် စာများများဖတ်ပြီး လေ့ကျင့်မှုများပြုလုပ်ထားရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဦးမန်းခင်(ကျောက်ဆည်)က စာစီစာကုံးရေးသားရာတွင် သရုပ်ဖော်ရေးသားခြင်း၊ အကြောင်းအကျိုးဖော်ပြရေးသားခြင်း၊ အတွေးအခေါ်ဖြင့် ရေးသားဖော်ပြခြင်း စသည့်စာစီစာကုံးရေးသားနည်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး တက်ရောက်ကြပြီး ဇန်နဝါရီလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အခြေခံစာစီစာကုံးရေးသားနည်းများအပြင် စာဖတ်ဝိုင်းများ၊ ပုံပြောပြိုင်ပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# မြန်မာဘော်လီဘောလူမှုရေးအသင်း၏ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၂၅ ခုနှစ် မြန်မာဘော်လီဘောလူမှုရေးအသင်း၏ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာဘော်လီဘော လူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသန်း၊ မြန်မာဘော်လီဘောအသင်း အမှုဆောင်များနှင့်အသင်းဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူကြကာ မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သိန်းဝင်း**



# တောင်တွင်းကြီးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်းကျင်းပ



တောင်တွင်းကြီး ဇန်နဝါရီ ၂၃

ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတကြွယ်ဝစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်ဆွေးနွေးပွဲများတွင် ပါဝင်တတ်စေရန်၊ စာပေလေ့လာဖတ်ရှုမှု အားကောင်းလာစေရန်နှင့် မိမိတို့ အတွေးအမြင်ဗဟုသုတများကို မျှဝေဆွေးနွေး ဖလှယ်တတ်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ဘက်စုံသုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် အခြေခံပညာဦးစီးဌာနမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအောင်ထွန်းကြိုင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှမြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ကျန်းမာရေး ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ပြီး အဆိုပါစကားဝိုင်းသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

နောင်နောင် ( ဗိဿနိုးမြေ)

# ရွှေဘိုမြို့နယ်၊ ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့်နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်နေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး၊ ကျေးရွာများနှင့်စာသင်ကျောင်းများအားမီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းအပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်ကိုအလုံးစုံပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အဦများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်မှာ ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေသည့် သတင်းအမှားသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။


**ဇန်နဝါရီလ ၂၀ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ်၊ ဝန်ခုတ်ကျေးရွာ၌ မော်တော်ယာဉ် (၉)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ(၃၄) ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၄၀၀၀) နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Hiject မော်တော်ယာဉ် (၉)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀၀)တို့ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၇)စီးနှင့် မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြို့သစ်မြို့နယ်၌တရားမဝင် မီးသွေး (၂ ဒသမ ၂၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၅၆၄၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၂၂ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဓာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်- မန္တလေး အဆန်ရထား၊ ပါဆယ်(၁)ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုးနှင့် လူသုံးကုန်ပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၈၉၅၉၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၈၅၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် – မန္တလေး အမြန်လမ်း၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၇၇၅၉၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၅၆၁၁၉၆)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၁၁၁၉၆)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၀ ရက်နှင့် ၂၂ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၈၁၃၂၇၈၆)** ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများလျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)



Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်




ကုန်ခဲ့သွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH




COPPER 99.99%
ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

- ❖ **“ပညာ”ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်”ရရှိစေ . . .**
- ❖ **နိုင်ငံသားတိုင်း “အသိဉာဏ်ပညာ”ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် “စစ်မှန်သည့်အင်အား”တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့်တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများသို့တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းဆင်းပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄) နှင့်တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ ☞**

**ဆောင်းပါး** စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ) စာ - ၁၃ သို့

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၅၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
